ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 February 2024 ၁၁၃၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိ သူများတက်ရောက်ကြပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်စေရေး ဆက်လက်၍ အပြန်အလှန်သွားရောက်မည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေးပိုင်းဆိုင်ရာ ယုံကြည်မှု ပိုမိုတိုးတက်လာစေရေးနှင့် စီးပွားရေးဆိုင်ရာဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ရေး အစိုးရချင်း ဆောင်ရွက်ရန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo အား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

ခေတ်အဆက်ဆက်နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက် — ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူ့စစ်မှုထမ်းများခေါ်ဆိုရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေး — စာမျက်နှာ » ၁၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း — စာမျက်နှာ » ၈

အီသီယိုးပီးယားနိုင်ငံ၌ ကလေးငယ် ၁၀ ဒသမ ၈ သန်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေ — စာမျက်နှာ » ၁၄

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲကြိုးပမ်း

ပြည်ထောင်စုဖွားအားလုံးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စည်းလုံးညီညွတ်စွာဖြင့် နှစ်ပေါင်းထောင်ချီ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ ခံ့ညားထည်ဝါစွာ ရပ်တည်နေထိုင်လျက်ရှိပါသည်။ အကြောင်းကြောင်းကြောင့် ဆုံးရှုံးခဲ့ရသောလွတ်လပ်ရေးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရယူနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နှစ်ပေါင်းတစ်ရာကျော် ခက်ခက်ခဲခဲ ရယူခဲ့ရသော်လည်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားသည့်အခါ တစ်ခဏတာကာလအတွင်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပြည်ထောင်စု၏ နေရာဒေသအချို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ တရားဥပဒေစိုးမိုးရေးကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များရှိနေခြင်းသည် နိုင်ငံအတွက် အန္တရာယ်ကြီးမားပြီး စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်နိုင်ပေသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကာလမှစ၍ နယ်ချဲ့၏အမွေဆိုး သွေးကွဲမှုဆိုးမွေများ တိုင်းရင်းသားလူမျိုးများကြားတွင် ဖြစ်ပေါ်ခဲ့သည်။ စည်းလုံးညီညွတ်မှုပျက်ပြားသောကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ပြီး ပြည်တွင်းဆူပူသောင်းကျန်းမှုများ ခေတ်အလိုက်ဖြစ်ပေါ်လာခဲ့သည်။ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွဲမှားသည့် အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန်တိုက်ခိုက်နေကြလျှင် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုပြိုလဲပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရသည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးသို့ မရောက်ရှိစေရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ကြရမည်ဖြစ်သည်။

“ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း ပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒသွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။ အပြုနှင့်အဖျက်တို့မှ ဖြစ်ပေါ်လာသည့် အကျိုးနှင့်အပြစ်၊ အဆိုးနှင့်အကောင်းတို့ကို ဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှားကို ခွဲခြားရှုမြင်ကြရန် လိုအပ်မည်ဖြစ်ပါသည်”ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် အသိပေးထားသည်။

မျက်မှောက်ကာလတွင် အပြုနှင့်အဖျက်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ခွဲခြားသိမြင်နိုင်စွမ်း အားနည်းသဖြင့် အချင်းချင်းမညီညွတ်သည့် ပဋိပက္ခများ ရှည်ကြာဖြစ်ပွားလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ ဆိုးမွေများကို ကြာရှည်စွာခံစားနေကြရသည်။ အဖြူနှင့်အမည်း မကွဲပြားဘဲ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ပြည်တွင်း ပြည်ပ ပယောဂအနှောင့်အယှက်များနှင့် ပြည်ဖျက်မီဒီယာများ၏ ခလောက်ဆန်အကောက်ကြံ သွေးခွဲမှုများကြောင့်ဖြစ်ရသည်ကို သတိပြုရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခ အဖျက်လုပ်ရပ်များကြောင့် တိုင်းပြည်မှာ ဒဏ်ရာဒဏ်ချက်များ များစွာဖြစ်ပေါ်လျက်ရှိသည်။ တိုင်းပြည်ကိုကာကွယ်ရေး၊ ပြည်သူအတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၌ အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလျှင် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည်။ ရင်သွေးငယ်သားသမီးများလည်း အေးချမ်းစွာပညာသင်ကြားနိုင်မည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ပြည့်စုံရန်လိုအပ်သည်။ သို့သော်လည်း တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့်အလှမ်းဝေးသော ကျေးလက်ဒေသများတွင် အခက်အခဲအမျိုးမျိုး၊ အားနည်းချက်အဖုံဖုံ၊ အခြားစိန်ခေါ်မှုများကြောင့် တိုင်းရင်းသားပြည်သူများ အခက်အခဲများဖြစ်ပေါ်ပြီး များစွာနစ်နာဆုံးရှုံးလျက်ရှိသည်။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးနှင့်ဖွံ့ဖြိုးရေးသည် အဓိကလိုအပ်ချက်ဖြစ်ပြီး ယခုကဲ့သို့ ဖျက်ဆီးနှောင့်ယှက်မှုများဖြင့် တိုင်းရင်းသားပြည်သူများဘဝနိမ့်ကျပျက်စီးအောင် လုပ်ဆောင်နေမှုများကို အားလုံးက စုစည်းညီညွတ်မှုဖြင့် ဝိုင်းဝန်းဆန့်ကျင် တားဆီးကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ထောင်စုကြီး၏ အစဉ်အလာကောင်းမြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံပြီး ဒေသအကျိုး၊ ပြည်ထောင်စုကြီးအကျိုးကို လက်တွဲပူးပေါင်း သယ်ပိုးဆောင်ကြဉ်း ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သထုံမြို့နယ်အတွင်း ဆေးဝါးများအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

**သထုံ ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဆေးဝါးများအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ သိုလှောင်ထားခြင်းများ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ပူးပေါင်းကာ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှည့်လည်စစ်ဆေး**

ထိုသို့စစ်ဆေးရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦး ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများက စည်ပင်သာယာဈေးများနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၌ တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း ရှိ/ မရှိ၊ ဈေးကစားရန် ရည်ရွယ်၍ သိုလှောင်သိမ်းဆည်းထားခြင်း ရှိ/ မရှိ၊ သတ်မှတ်ကုန်ညွှန်းအမှတ်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ/ မရှိ အခြေအနေတို့ကို လှည့်လည်စစ်ဆေးကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၆၀၀ | ၄၉၆ | ၄,၁၉၄,၉၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၂,၉၇၂ | ၈,၄၄၃,၂၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၉၁၅ | ၁,၃၇၃,၂၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၃၂၉ | ၅၉၂,၂၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၆ | ၂၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ် အကြား နယ်နိမိတ်ထိစပ်မှုအများဆုံးဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လာစေရေးဆောင်ရွက်ရမည့်အခြေအနေများ၊ နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ နယ်စပ်ဒေသတွင် အွန်လိုင်း လောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ် နှိမ်နင်းရေးအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေးအတွက် ယူနန်ပြည်နယ်အနေဖြင့် နည်းပညာ အကူအညီများ ပေးအပ်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်တို့အား တိုက်ရိုက်ပေးချေခြင်းကြောင့် ကုန်သွယ်မှုများ ပိုမိုအဆင်ပြေချောမွေ့သည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ရထားလမ်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် မော်တော်ကားလမ်းများ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပန်းမန်စိုက်ပျိုးရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo တို့ တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှည်ကြာခိုင်မြဲသည့် သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာသည့်အခြေအနေများ၊ နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ အနေဖြင့် ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ခဲ့သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် လေကြောင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့် အခြေအနေများ၊ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူမှုရေးကဏ္ဍနှင့် ပညာရေးကဏ္ဍများ တိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko တို့ တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးချုပ်မှ တာဝန်ခံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၁၆ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ရှစ်ဖွဲ့ စုစုပေါင်း ၁၇၈ ဖွဲ့ ရှိနေပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၂၄၅ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၆၉၈၆ ရွာရှိ အသင်းဝင်ဦးရေ ၃ ဒသမ ၄၅ သန်း၊ ထုတ်ချေးငွေလက်ကျန်ငွေကျပ် ၁၈၃၅ ဒသမ ၉၅၄ ဘီလီယံဖြင့် ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရ အသေးစားငွေရေးကြေးရေးကုမ္ပဏီများအနေဖြင့် ငွေကြေးဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကိုဗစ်နှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ကြုံတွေ့ရသည့်ငွေသားထုတ်ယူမှုနှင့် ပြည်ပချေးငွေရယူရန် အခက်အခဲများ ကျော်လွှားနိုင်ရန်နှင့် လုပ်ငန်းလည်ပတ်မှု အဆင်ပြေစေရန်အတွက် ပြည်တွင်းဘဏ်များမှ ချေးငွေရယူသည့် လုပ်ငန်းစဉ်များ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊ ချေးငွေ အတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်းဆိုင်ရာ ဖြေလျှော့ခြင်းများကို ဆောင်ရွက်ပေးခြင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကော်ပိုရိတ်အာမခံ ကိုယ်စားလှယ် လုပ်ကိုင်ခွင့်ပြုခြင်း၊ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုရယူဆောင်ရွက်ခွင့်ပြုခြင်း၊ ချေးငွေဝန်ဆောင်မှုအသစ်များ ခွင့်ပြုပေးခြင်း၊ နယ်မြေဒေသ အေးချမ်းမှုရှိပြီး စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သောဒေသများသို့ နယ်မြေတိုးချဲ့ခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ဦးစားပေးကဏ္ဍဖြစ်သည့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ချေးငွေများ ထုတ်ချေးခြင်း၊ သီးနှံစိုက်ပျိုးသည်မှ ထုတ်လုပ်ရောင်းချနိုင်သည်အထိ Supply Chain တစ်ခုလုံးအတွက် ချေးငွေထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ သာမက အသင်းဝင်များအတွက် လိုအပ်သည့် လူမှုရေးဝန်ဆောင်မှု (CSR) လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ အတိုးနှုန်းပြင်ဆင်သတ်မှတ်ရန် သုံးသပ်ဆောင်ရွက်ထားရှိမှု၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသုံးဖွဲ့၏ လုပ်ငန်းလိုင်စင်လျှောက်ထားမှု၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ နယ်မြေတိုးချဲ့မှု၊ ချေးငွေပြန်လည်ကောက်ခံမှုကို Mobile Financial Services ကို အသုံးပြုခွင့်အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ထောင်ခြင်း (၂၅) နှစ်ပြည့် (ငွေရတု) အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ယင်းတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အမှာစကားပြောကြားပြီး စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာပေကမ္ဘာလုံးနှင့် ရေလှိုင်းပုံ စာအုပ်စင်များ၊ ရွှေ့လျားစာကြည့်တိုက် မော်တော်ယဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ အငြိမ်းစားဆရာ ဆရာမကြီးများက အမှတ်တရစကားများ ပြောကြားခြင်း၊ (၂၃)ကြိမ်မြောက် ဝိဇ္ဇာသိပ္ပံ သုတေသနညီလာခံတွင် အကောင်းဆုံးသုတေသနစာတမ်းဆု၊ တက္ကသိုလ်၏ သုတေသနစာတမ်းဖတ်ပွဲမှ အကောင်းဆုံး သုတေသနစာတမ်းဆုများ၊ လူငယ်သုတေသီအကောင်းဆုံး သုတေသနစာတမ်းဆုများ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ သချာၤစွမ်းရည်ဆု ရရှိသူများကို ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

# ပန်းတနော်မြို့၌ ရှာဖွေကယ်ဆယ်ရေးမွမ်းမံ (သန္ဓေ/အရန်) သင်တန်း ဖွင့်လှစ်



**ပန်းတနော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးမွမ်းမံ (သန္ဓေ/အရန်) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ သန္ဓေ/ အရန် မီးသတ်တပ်ဖွဲ့ဝင်များက ပန်းတနော်မြို့ River View တွင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ သင်တန်းသား စုစုပေါင်း ၅၀ တို့အား လက်တွေ့ဇာတ်တိုက် လေ့ကျင့် သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**



# မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်ဒရေးရူဒန်ကိုတို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားရေး၊ ဥပဒေရေးရာ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း၊ ပြန်ကြားရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု စသည့်ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် (၂၀၂၂-၂၀၂၄) အရ ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Hilton ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက်

ဇာနည်ဘွား

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အာဏာတည်သည့်နေ့အဖြစ် သတ်မှတ်ကြေညာလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ပြည်သူလူထုအတွင်း အထင်မှား၊ အမြင်မှားအောင် မမှန်မကန်သွေးထိုးလှုံ့ဆော်လျက်ရှိသည်။

သို့ရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုချက်ချင်းစတင်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမဟုတ်ပေ။ ၁၉၅၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြန်လည်ပြင်ဆင်သတ်မှတ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များသည်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကပင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟု အလေးအနက် ခံယူခဲ့ကြသည်။

**စစ်ပညာကို ပိုင်ပိုင်နိုင်နိုင်သင်ယူ**

တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သည့် ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်း ပထမအပတ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် “ဗိုလ်သင်တန်းကျောင်းသားများသည် စစ်ပညာကိုပိုင်ပိုင်နိုင်နိုင်သင်ယူကြရမည်။ တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည်လွတ်လပ်ရေးရနိုင်မည်မဟုတ်။ ရနိုင်သော်လည်း ထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်။ ထို့ကြောင့် ခွဲ၊ စွမ်းရည်၊ တိုင်းပြည်၊ လူမျိုးနှင့် တပ်မတော်ကိုချစ်သည့်စိတ်ဓာတ်လိုသည်။ ထိုအချက်မှအပ အခြားကိစ္စများကို အာရုံတိမ်းညွတ်ခြင်းမရှိဘဲ ကျောင်း၏ပြင်ပလောက၌လည်း မည်သည့်နေရာတွင် မည်သို့ပင်ရှိစေ၊ မည်သို့ပင်ပြောပြော အရေးစိုက်ရန်မဟုတ်ကြောင်း” ပြောကြားခဲ့သည်။

တစ်ဖန် တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အနာဂတ်နိုင်ငံတော်ကာကွယ်ရေးရည်မှန်းချက်နှင့် ပတ်သက်၍ မကွယ်လွန်မီ ရက်သတ္တပတ် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက်က ရန်ကုန်မြို့ မြို့တော်ခန်းမမှတစ်ဆင့် လူထုပရိသတ်ကြီးကိုဟောကြားခဲ့သောမိန့်ခွန်းတွင် “အခုကျွန်တော်တို့မှာရှိတဲ့ စစ်တပ်မြန်မာပြည်မှာ ဆူတာပူတာကိုနှိမ်ဖို့လောက်တော့ လုံလောက်တယ်။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ဘက်မှာ ကျွန်တော်တို့စစ်တပ်တွေနဲ့မလုံလောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့စစ်တပ်ဟာ ဘာမှမဖြစ်လောက်သေးဘူး။ သံချပ်ကာကားတပ်ဆိုတာ မရှိသေးဘူး။ ဒီတပ်မျိုးဟာ အခုလိုဖြစ်တဲ့စစ်ကြီးမျိုးမှာဆိုရင် တော်တော်တန်တန်ကြီးမားတဲ့ ရန်သူက လက်နက်ကောင်းကောင်းနဲ့တိုက်လိုက်တယ်ဆိုရင် နာရီပိုင်းအတွင်းမှာ ရင်ဆိုင်တိုက်လိုက်ရင် ပြုတ်မယ်။ ကျွန်တော်တို့မှာရှိတာက ရေတပ်ဆိုတာက ဗန်းပြရေတပ်ပဲရှိသေးတယ်။ တကယ့်တကယ် ဘာမှတိုင်းပြည်ကိုမကာကွယ်နိုင်သေးဘူး။ လေတပ်ဆိုတာက အခုမှစတုန်းရှိသေးတယ်။ လေတပ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မျိုးမှာရှိတဲ့ လေတပ်မျိုးမှာ အဖျင်းဆုံး လေယာဉ်ပျံငါးရာရှိရမယ်။ အနည်းဆုံး စစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံငါးရာလောက်ရှိမှဖြစ်မယ်။ ဒါတောင်မှလုံလောက်တယ်လို့ မပြောနိုင်ဘူး။ ကျွန်တော်တို့တိုင်းပြည်ဟာ စစ်စတိုက်တဲ့အချိန်အခါမှာ လူတစ်သန်းလောက်စစ်တပ်အင်အားရှိမှကောင်းမယ်။ အခုရှိနေတဲ့ စစ်တပ်ဟာ နှစ်သောင်းလောက်ပဲရှိတယ်။ နှစ်သောင်းလောက်ဆိုတာ(Army)ကိုပြောတာ။ (Navy) ရေတပ်မပါဘူး။ (Air Force) လေတပ်မပါဘူး” စသည်ဖြင့် ပြောကြားခဲ့သည်။

☆ **နိုင်ငံတော်ကာကွယ်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတစ်ဝန်းရှိနေတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လုပ်သားပြည်သူတစ်ရပ်လုံးနဲ့ ချီပြီးတော့ အစီအစဉ်ရှိရှိ စနစ်ကျကျဆောင်ရွက်နိုင်မှသာ အောင်မြင်မှုကို ရနိုင်ပါမယ်။ ဒါကိုသဘောပေါက်ရင် လုပ်သားပြည်သူတစ်ရပ်လုံးကိုလည်း နိုင်ငံကာကွယ်ရေးနဲ့ပတ်သက်တဲ့ စုစည်းမှု၊ စည်းရုံးမှု၊ ဖွဲ့စည်းပေးမှု၊ လေ့ကျင့်ပေးမှု စတဲ့ကိစ္စရပ်တွေကို ကြိုတင်ပြင်ဆင်ထားပေးဖို့လိုကြောင်း ထင်ရှားလာပါတယ်။ ဒါမှလည်း ကိုယ်လိုအပ်တဲ့အချိန်မှာ တစ်တိုင်းပြည်လုံးမှာ ကာကွယ်ရေးအင်အားစုကြီးအဖြစ် အသင့်အနေအထားမှာ အံဝင်ခွင်ကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်**

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်က “မြန်မာပြည် လွတ်လပ်ရေးရတဲ့အခါမှာ မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ မြန်မာပြည်မှာစစ်သားတွေလိုလာမယ်။ အဲဒီအခါ မြန်မာတိုင်းအရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့လုပ်ရမယ်။ ခင်ဗျားတို့တိုက်ချင်တိုက်၊ မတိုက်ချင်လည်း တိုက်ရမယ်။ ဒါမှလွတ်လပ်ရေး တာဝန်ကျေမယ်”ဟူ၍ ပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းကလည်း “၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ဒို့မှာ စဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့။ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက် (Tigermouth)နဲ့ ချစ်မန်ခ် (Chipmuck)တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ ‘မေယု’ တစ်စင်းတော့ရှိတာပေါ့လေ။ ကြီးကြီးထဲက။ ကျန်တာတွေကတော့ အမ်အယ် (ML) ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ငွေလည်း မရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်” စသည်ဖြင့် ၁၉၆၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော်တပ်မှူးများညီလာခံတွင် သတိတရ ပြောကြားခဲ့သည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သော တပ်မတော်တပ်မှူးများ ညီလာခံတွင်လည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက “ဒို့တပ်မတော်ဟာ ကိုယ့်အကျိုးအတွက်၊ ကိုယ်ကြီးပွားဖို့အတွက် တစ်ယောက်ချင်းကြီးပွားဖို့၊ သို့မဟုတ် တပ်မတော်တစ်ခုလုံးသာလျှင် ကြီးပွားဖို့အတွက် ပေါ်ပေါက်လာတဲ့တပ်မဟုတ်ဘူး။ မိမိတို့တာဝန်ဖြစ်တဲ့တိုင်းပြည်တိုင်း၊ လွတ်လပ်ရေးဆုံးရှုံးနေတဲ့ တိုင်းပြည်တိုင်းရဲ့ တာဝန်ဖြစ်တဲ့ လွတ်လပ်ရေးကိုပြန်ရအောင်တိုက်ဖို့လို့၊ တိုက်ရမယ့်တာဝန်ကို သိတဲ့အတွက် လက်နက်ကိုင်ပြီးတိုက်ရာကနေပြီးတော့ ပေါက်ဖွားလာတဲ့တပ်မတော်ဖြစ်တယ်ဆိုတာ ကို မမေ့အပ်ဘူး”ဟူ၍ ပြည်သူ့တပ်မတော်ပေါက်ဖွားလာရခြင်း၏ အရင်းခံအကြောင်းရင်းများကို လေးလေးနက်နက်မိန့်ကြားခဲ့လေသည်။

**ပြည်သူကြားမှပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်**

တပ်မတော်သည် ပြည်သူကြားမှပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ တပ်မတော်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက “ရဲဘော်တွေဟာ ပြည်သူ့အတွက်သာဖြစ်စေရမည်၊ တိုင်းပြည်သည် ရဲဘော်တွေအတွက်မဖြစ်စေရ” ဟူ၍ လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း “ငါတို့တွေဟာ ကြေးစားစစ်တပ်မဟုတ်ဘူး၊ ပြည်သူတွေထဲက ပေါက်ဖွားလာပြီးတော့ ပြည်သူတွေကို အလုပ်အကျွေးပြုရလိမ့်မယ်”ဟူ၍ လည်းကောင်း လမ်းညွှန်မှာကြားလေ့ရှိသည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင်ကျင်းပသော တပ်မတော်တပ်မှူးများ ညီလာခံ၌ပင် ထိုစဉ်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်စန်းယုက “တပ်မတော် ကြည်း၊ ရေ၊ လေဟာ အရည်အချင်းမှာရော၊ အရေအတွက်မှာပါ အမြဲပြည့်ဝတောင့်တင်းခိုင်မာ နုပျိုနေအောင် တည်ဆောက်ပြီး ဘယ်အဖျက်ရန်သူမျိုးကိုမဆို ရင်ဆိုင်နိုင်ရေးအတွက် အသင့်ဖြစ်နေဖို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးအတွက်ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတစ်ဝန်းရှိနေတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လုပ်သားပြည်သူတစ်ရပ်လုံးနဲ့ချီပြီးတော့ အစီအစဉ် ရှိရှိ စနစ်ကျကျ ဆောင်ရွက်နိုင်မှသာ အောင်မြင်မှုကိုရနိုင်ပါမယ်။ ဒါကိုသဘောပေါက်ရင် လုပ်သားပြည်သူတစ်ရပ်လုံးကိုလည်း နိုင်ငံကာကွယ်ရေးနဲ့ပတ်သက်တဲ့ စုစည်းမှု၊ စည်းရုံးမှု၊ ဖွဲ့စည်းပေးမှု၊ လေ့ကျင့်ပေးမှုစတဲ့ ကိစ္စရပ်တွေကိုကြိုတင်ပြင်ဆင်ထားပေးဖို့လိုကြောင်း ထင်ရှားလာပါတယ်။ ဒါမှလည်း ကိုယ်လိုအပ်တဲ့အချိန်မှာ တစ်တိုင်းပြည်လုံးမှာ ကာကွယ်ရေးအင်အားစုကြီးအဖြစ် အသင့်အနေအထားမှာ အံဝင်ခွင်ကျ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟူ၍ ပြည်သူ့တပ်မတော်၏ ပြည်သူ့စစ်မဟာဗျူဟာအခင်းအကျင်းနှင့် လက္ခဏာကို ညွှန်ပြခဲ့ပါသည်။

ဤသို့ဖြင့် နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်သည် ကမ္ဘာပေါ်ရှိ လွတ်လပ်သည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ကာကွယ်ရေးရည်မှန်းချက်များ၊ အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။

တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်ခုခု၏သမိုင်းသည် ထိုတိုင်းပြည်၊ ထိုနိုင်ငံ၏ တပ်မတော်သမိုင်းပင်ဖြစ်သည်။ ယင်းတိုင်းပြည်၊ ယင်းနိုင်ငံ၏ မူလအရင်းခံအင်အားသည် လက်နက်ကိုင်တပ်မတော်ပင်ဖြစ်လေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ထပ်တူထပ်မျှဖြစ်လေသည်။

တပ်မတော်၏သမိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်တွင်ကျင်းပခဲ့သော (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် “ယနေ့မြန်မာ့တပ်မတော်ရဲ့အမြုတေ တပ်မတော်အဖြစ်စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ဟာ ၁၉၄၂ ခုနှစ်မှာ ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ၁၉၄၃ ခုနှစ်မှာ ဗမာ့အမျိုးသားတပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လမှာ မျိုးချစ်ဗမာ့ တပ်မတော်(PBF) နဲ့ စက်တင်ဘာလမှာ ဗမာ့တပ်မတော်(Burma Army)အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့တယ်။ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ မျိုးချစ်ဗမာ့တပ်မတော်ဟာဆိုရင်လည်း ပြည်သူလူထုနဲ့လက်တွဲပြီး ဖက်ဆစ်ဂျပန်တို့ကိုတိုက်ထုတ်နိုင်ခဲ့တယ်။ ဒါကြောင့်တို့တပ်မတော်ဟာ ဘယ်လိုပင်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းသော်လည်း ပြည်သူလူထုနဲ့လက်တွဲပြီး တိုင်းတစ်ပါးစိုးမိုးမှုအောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့တဲ့ တပ်မတော်ဖြစ်တယ်”ဟူ၍ ပြောကြားခဲ့သည်။

မြန်မာ့သမိုင်းတွင် လက်နက်ကိုင်တပ်မတော်အင်အားတောင့်တင်းလျှင် မြန်မာနိုင်ငံသည်လည်း အင်အားတောင့်တင်းသည်။ ခိုင်မြဲသည်။ ဖွံ့ဖြိုးသည်။ နိုင်ငံတကာ၏ လေးစားမှုကိုခံခဲ့ရသည်။ တပ်မတော်အင်အားချို့တဲ့လျှင် ပြည်ထောင်စုလည်းချို့တဲ့သည်။ ဆုတ်ယုတ်သည်။ တိုင်းတစ်ပါး၏ စော်ကားခြင်း၊ ကျူးကျော်ခြင်းကိုခံခဲ့ရသည်။

စာမျက်နှာ ၇ သို့ ❖

☆ **ကမ္ဘာပေါ်ရှိ လွတ်လပ်သည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့နိုင်ငံ၏အခြေအနေ နှင့် လိုက်လျောညီထွေရှိမည့် ကာကွယ်ရေးရည်မှန်းချက်များ၊ အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြ**

☆ **တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်ခုခု၏သမိုင်းသည် ထိုတိုင်းပြည်၊ ထိုနိုင်ငံ၏ တပ်မတော်သမိုင်းပင်ဖြစ်သည်။ ယင်းတိုင်းပြည်၊ ယင်းနိုင်ငံ၏ မူလအရင်းခံအင်အားသည် လက်နက်ကိုင်တပ်မတော်ပင်ဖြစ်လေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ထပ်တူထပ်မျှဖြစ်**

# မိုးကောင်းမြို့နှင့် ပူတာအိုမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်း ဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့တော်ခန်းမရှေ့နှင့် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက် ဘောလုံးကွင်းတို့၌ ပြုလုပ်ကြသည်။

**တစ်ခဲနက်ဆန္ဒထုတ်ဖော်**

ဦးစွာသက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်၊ ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ပြောကြား ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀) မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က) အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့နံနက်ပိုင်း ပွဲစဉ်အဖြစ် (က)အဆင့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။



ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့် ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းပြည်ကို ကာကွယ် ဒို့စောင့်ရှောက်မယ်

☆ ဒို့ပြည် ဒို့မြေ၊ ဒို့ပိုင်ရေသည်
သန္ဓေအနှစ် အမွေစစ်တည့်။

☆ **ပြည်ထောင်စုကို၊ ကွဲပြိုစေသည့်
တည်ထောင်မှုကို၊ လှဲဖြိုနေသည့်
ကျမည့်ဘေးရန်၊ ကာကွယ်ရန်မှာ
မြန်မာတိုင်း၏ တာဝန်တကား။**

☆ နိုင်ငံတစ်ခု၊ ကာကွယ်မှုတွင်
စစ်မှု ချည်းသာ၊ မကပါသေး
များစွာကဏ္ဍ စုံလင်စွတည့်။

☆ **နိုင်ငံရေး စီးပွားရေး
လူမှုရေး ကျန်းမာရေး
ပညာရေး တည်ဆောက်ရေး**
အရေးအရာ၊ အဖြာဖြာတွင်
ကျရာ ဝန်တာ၊ ပေးလာ တာဝန်
အားသွန် ဆောင်မြန်း၊ **မျိုးချစ်ပန်း** တို့
ကိုယ်စွမ်း ကိုယ်စ ပြကြစို့။

☆ **မြန်မာ့အနာဂတ်၊ မြင့်မားမတ်** အောင်
လူလတ် လူငယ်၊ အသိကြွယ်လျက်
အရွယ်မလင့်၊ အခါသင့် ၌
ထမ်းခွင့်ရခိုက်၊ လှံ့လစိုက်ကာ
လိုက်ပါ ဝန်ထမ်း၊ **ပြည့်တက်လမ်း** တွက်
**ကြိုးပမ်းညီညီ ချီပါစို့ ။
ဒို့တိုင်းပြည်ကို ကာကွယ်စို့ ။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

❖ စာမျက်နှာ ၆ မှ

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အနာဂတ်နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက်နှင့် ပတ်သက်၍ "အင်အားကြီးနိုင်ငံများရဲ့အားပြိုင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပဋိပက္ခများဟာ 'တောင်လဲရာမြက်ပြတ်' ဆိုတဲ့စကားပုံအတိုင်း နိုင်ငံငယ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် နိုင်ငံတကာရေးရာများကို မျက်ခြည်မပြတ်လေ့လာပြီး ကိုယ့်နိုင်ငံရှင်သန်ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုများ အမြဲလုပ်ဆောင်နေရမှာဖြစ်တယ်။ တို့နိုင်ငံအနေနဲ့လည်း ကာကွယ်ရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် တပ်မတော်ကို သမားရိုးကျစစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ခေတ်မီတပ်မတော်(Standard Army)အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်ရာမှာ တပ်များကို ခေတ်နဲ့အညီ ကိုက်ညီအောင်လုပ်ဆောင်လျက်ရှိတယ်"ဟု ပြောကြားခဲ့သည်။

**နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေး**

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "စည်းလုံးညီညွတ်ခြင်းဟာ အင်အားကိုဖြစ်စေတယ်။ ဒါကြောင့် တပ်မတော် အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်း စည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ ပြည်သူ စည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်။ 'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်' ဆိုတဲ့အတိုင်း ပြည်သူလူထုရဲ့ တစ်ခဲနက်ပူးပေါင်းပါဝင်မှုသာ ခိုင်မာမယ်။

ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စတဲ့ အကြောင်းအချက်အလက်တွေအပေါ် မူတည်ပြီး မိမိနိုင်ငံနဲ့သင့်လျော်တဲ့ နိုင်ငံရေးစနစ်တစ်ခု ချမှတ်လျှောက်လှမ်းနေကြတာပဲဖြစ်တယ်။ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှာပဲဖြစ်တယ်။ ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်"ဟူ၍ ပြောကြားခဲ့ပါသည်။

သို့ဖြင့် နိုင်ငံသားများအနေဖြင့် တိုင်းပြည်မြင့်လျှင် တပ်မတော်တင့်သည်၊ တပ်မတော် တင့်လျှင် တိုင်းပြည်မြင့်သည်၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲမည်ဆိုသည်ကို အလေးအနက်ခံယူပြီး ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေးရည်မှန်းချက်များနှင့်အညီ ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

■

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို တိုင်းမှူးထံပေးအပ်စဉ်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၁၇၄၃၉၆၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ် ၆၃၄၅၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအားလည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ လုံခြုံရေးနှင့်ကာကွယ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပို့ဆောင်ပေးအပ်လျက်ရှိရာ အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မြို့ပေါ်ဈေးများမှ ဈေးသူဈေးသားများနှင့် ပြည်သူများက ထောက်ပံ့လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် အားပေးစာလွှာများအား ဖေဖော်ဝါရီ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် စားသောက်ဖွယ်ရာများအား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရှေ့တန်းရောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ပေးပို့မည့် မော်တော်ယာဉ်များပေါ်သို့ တင်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွဋ်က ရဲတပ်ဖွဲ့ဝင်များအတွက် စဉ်ဆက်မပြတ် ဘက်ပေါင်းစုံမှ ထောက်ပံ့ပေးအပ်မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ မြို့ပေါ်ရှိဈေးသူ ဈေးသားများပါဝင်မှု၊ ဒေသခံပြည်သူများ၏ စုပေါင်းပါဝင်လှူဒါန်းမှုတို့ဖြင့် ရခိုင်ပြည်နယ်ရှိ ရှေ့တန်းရောက်တပ်မတော်သားများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းငွေကျပ် ၂၃၁၄၆၂၈၅၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ဂုဏ်ပြုထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ စားသောက်ဖွယ်ရာများအား ရှေ့တန်းရောက်လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ပေးပို့မည့် မော်တော်ယာဉ်များပေါ်သို့ တင်ပေးနေကြစဉ်။

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Cluster– 1 တိုက်အမှတ်(၆)ရှိ တရားလွှတ်တော် ရှေ့နေများကောင်စီရုံး၌ ကျင်းပသည်။

**ဆွေးနွေးညှိနှိုင်းဆုံးဖြတ်**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၅၂၇ ဦးကို တရားလွှတ်တော် ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ၊ မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၁၅ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ (၁)အရ ထိုက်သင့်သည့်အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် ပြန်လည်လိုက်ပါခွင့်ပြုရန် အသနားခံတင်ပြလျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော် ရှေ့နေများကောင်စီအဖွဲ့ဝင်တစ်ဦးကို IP အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရန်ကိစ္စ၊ တရားလွှတ်တော် ရှေ့နေများကောင်စီရုံး ဆောက်လုပ်ရန် ချထားမြေနေရာကိစ္စနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး) ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော် ရှေ့နေများကောင်စီအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဦးမြသိန်း၊ ဒေါ်ခင်နုသာ၊ ဦးလှဟန်၊ ဦးစိုးသိန်း၊ ဦးဝင်းဖေ၊ ဦးဝင်းအောင်နှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ အတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်တို့ စုံညီစွာတက်ရောက်ကြသည်။



သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာနုမြဇံ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)နှင့် ကမ္ဘာ့အမွေအနှစ်ဒေသ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ တူးဖော်ထိန်းသိမ်းရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

ပြည် ဖေဖော်ဝါရီ ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ရွှေဆံတော်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေဆံတော်ရင်ပြင် ဗုဒ္ဓပြတိုက်အတွင်းရှိ Digital Museum ဆောင်ရွက်ထားရှိမှု၊ ပြတိုက်ခင်းကျင်းပြသထားမှုနှင့် ရွှေဆံတော်စေတီတော် အောက်ပစ္စယံ တနင်္ဂနွေထောင့်ရှိ ကျန်စစ်သားမင်းကျောက်စာ ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းအနောက်ဘက် မြို့ရိုးခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ လုလင်ကျော်မြို့ဝင်ပေါက်နှင့် သရေခေတ္တရာမြို့ဟောင်းရှုခင်းကြည့်မျှော်စင်တည်ဆောက်မည့် ကြက်တူရွေးတောင်၊ တူးဖော်မှုကုန်းအမှတ် (၅၃)၊ ဘောဘောကြီးစေတီ၊ ဘဲဘဲဂူဘုရား၊ဦးခင်ဘကုန်းနှင့် ဘုရားထောင်ဂူဘုရားတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကဏ္ဍအလိုက် ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။



ယမန်နေ့က ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)သို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ၏ရှေးဟောင်းသုတေသနဆိုင်ရာများ လေ့လာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ အဆိုပါသင်တန်းကျောင်းခန်းမဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သင်တန်းသည် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဖြစ်သည့်အားလျော်စွာ လက်တွေ့ကွင်းဆင်းသုတေသနနှင့် တူးဖော်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရသည့်အတွက် အားသာချက်ရှိကြောင်း၊ သရေခေတ္တရာသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်၍ နိုင်ငံတကာမှပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်တွင်းဧည့်သည်များလေ့လာရာဒေသဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးကို အများပြည်သူသိရှိနားလည်အောင် ရှင်းလင်းပြောကြားရန်လိုအပ်ကြောင်း မှာကြားသည်။

**ကဏ္ဍအလိုက်ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သင်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းစာကြည့်တိုက်၊ Thermoluminescence Dating ဓာတ်ခွဲခန်း၊ ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းရေးဓာတ်ခွဲခန်း၊ သင်ကြားမှုအထောက်အကူပြုပြခန်း၊ တူးဖော်မှုကုန်းအမှတ်(၆၅–ဘီ)နှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့အမွေအနှစ်ဒေသ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ကျောက်ကာသိမ်ပြတိုက်၊ သီရိခေတ္တရာပြတိုက်၊ အတွင်းနန်းတော်ရာနှင့် ရဟန္တာဂူဘုရား၊ ရဟန္တာရေကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများနှင့် လူစည်ကားရာနေရာများတွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများအား မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်၊ အရေးပေါ်ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်နှင့် 191 စတစ်ကာများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဝေငှဆောင်ရွက်ခဲ့စဉ်။

ခိုင်ထူး(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှုများအား ကွင်းဆင်းစစ်ဆေး

မှော်ဘီ ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် နွေစပါးအထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် မင်းရွာစိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ နွေစပါးအထွက်တိုးမျိုး(GW.11) စိုက်ပျိုးထားရှိသည့်အခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် တာဝန်ရှိသူများက ညောင်ကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေနွေအောင်နှင့် တာဝန်ရှိသူများက မင်းရွာစိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ နွေစပါး (GW.11)မျိုး စိုက်ပျိုးထားသည့် စိုက်ဧက ၁၃ ဧကသို့ ကွင်းဆင်းကြည့်ရှု၍ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံကာ အထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကောင်းမြတ်သူ(မှော်ဘီ)




ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်၍ ရုံးခန်းနှင့် ဘိုးဘွားနားနေဆောင်များ၊ ထမင်းချက်ပြုတ်ဆောင်များ အပါအဝင် အခန်းများသို့ မီးဘေးလုံခြုံရေးအတွက် လိုက်လံစစ်ဆေးပြီး မီးသတ်ဆေးဘူးများကို ဘိုးဘွားရိပ်သာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။

သျှင်ဝင်းသျှင်

# အင်ဘက်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် Good Brothers ကုမ္ပဏီလီမိတက်တို့၏ သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် အင်ဘက်ကုန်းကျေးရွာရှိ အင်ဘက်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် Good Brothers ကုမ္ပဏီလီမိတက်တို့၏ သမဝါယမလယ်ယာ ဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အင်ဘက်ကုန်းကျေးရွာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




**စနစ်ကျလယ်မြေအဖြစ်ဖော်ထုတ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အင်ဘက်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၈၇ ဦး၏ လယ်မြေ ၁၉၇ ဧက ရှိသည့်အနက် စိုက်ဧက ၁၁၂ ဧကကို စက်မှုလယ်ယာဦးစီးဌာနမှ စနစ်ကျလယ်မြေအဖြစ် ဖော်ထုတ်ထွန်ယက်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ကျန်စိုက်ဧက ၈၅ ဧကကို Good Brothers ကုမ္ပဏီပိုင် လယ်ထွန်စက်များအပါအဝင် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်ထွန်စက်များဖြင့် မြေယာပြုပြင်ပေးခြင်းများကို သရုပ်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထွန်ယက်ပြီးစိုက်ဧကများတွင် အထွက်တိုးစပါးမျိုးများ စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စိုက်ပျိုးရေရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာသီအမီ စိုက်ပျိုးရာတွင် အခက်အခဲများ မဖြစ်ပေါ်စေရေး စုပေါင်းထွန်ယက်ခြင်း၊ စုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းများ ဆောင်ရွက်မှသာ ပန်းတိုင်အထွက်တိုးပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သမဝါယမကဏ္ဍမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ မြို့နယ် ၁၂၅ မြို့နယ်၊ အသင်းပေါင်း ၁၄၃ သင်းမှ ထွန်စက်ကြီး ၄၂၇ စီး၊ အခြားစက် ၃၆ စီး စုစုပေါင်းစက်စီးရေ ၄၆၃ စီးဖြင့် ဇန်နဝါရီလအထိ လယ်ယာမြေ ဧက ၁၃၀၀၀၀ ကို ထွန်ယက်ပေးနိုင်ခဲ့ကြောင်း၊ သမဝါယမအသင်းသားတောင်သူများ စုပေါင်းထွန်ယက်စိုက်ပျိုးခြင်းဖြင့် ရာသီသီးနှံများ အချိန်မီ တစ်ပြိုင်နက်တည်း စိုက်ပျိုးနိုင်ကာ ထွက်ရှိလာသည့် အချိန်တွင်လည်း တစ်ပြိုင်နက်တည်း ထွက်ရှိလာပြီး ရိတ်သိမ်းသည့်အခါ တစ်ဆက်တစ်စပ်တည်း ရိတ်သိမ်းဆောင်ရွက်နိုင်ရေးကိုရည်ရွယ်၍ ယခုလို သမဝါယမလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အထွက်တိုးစပါးမျိုးများကိုသာ စိုက်ပျိုးကြရန်နှင့် အခြားဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ သီးထပ်သုံးသီးစိုက်ပျိုးနိုင်သော စိုက်ပျိုးမြေများတွင် ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်သောသီးနှံများ တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ Kubota Myanmar ကုမ္ပဏီလီမိတက်နှင့် Good Brothers ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကုမ္ပဏီမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာနှင့် တင်သွင်းရောင်းချမှုနှင့် ပြင်ဆင်ထိန်းသိမ်းရေး ဝန်ဆောင်မှုပေးနေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက JICA Two Step loan ချေးငွေဖြင့် တောင်သူတစ်ဦးချင်း၊ သမဝါယမအသင်းသားတစ်ဦးချင်းအလိုက်၊ အသင်းအစုအဖွဲ့အလိုက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူပြီး ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များဝယ်ယူနိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ မေးမြန်းချက်များပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ထွန်စက်များ သမဝါယမလယ်ယာဝန်ဆောင်မှု ထွန်ယက်သရုပ်ပြနေမှုကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများ လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာကုမ္ပဏီတို့ ပူးပေါင်းပြီး အရစ်ကျရောင်းချပေးနိုင်ရေး၊ စက်ပစ္စည်းများ ရေရှည်ကိုင်တွယ်အသုံးပြုနိုင်ရေး လိုအပ်သော သင်တန်းများပေးရေးနှင့် After Sale Service ပေးရေး၊ အပိုပစ္စည်းများ အလွယ်တကူရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နွေစပါး စိုက်ပျိုးမည့် တောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု ရေအေး KC ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တာဝန်ရှိသူများက ဆောင်းသီးနှံနှင့် နွေသီးနှံစိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ရေအေးကျေးရွာအုပ်စုနှင့် ညောင်တုန်းအိုင်ကျေးရွာအုပ်စုမှ တောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေအေးကျေးရွာအနီးရှိ မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်ကောင်စီရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာစားပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ကြသည်။




**ပြောကြား**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နေပြည်တော်အတွင်း လယ်ယာမြေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးချနိုင်ရေးအတွက် စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပူးပေါင်းပါဝင်ကူညီ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေက လယ်ယာမြေပေါ်တွင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေး အတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ထူးက နေပြည်တော်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဒဂုံ ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် သဘာပတိ ဒေါ်ခင်စောဦး မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လမ်းညွှန်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကာလအတွက် အသင်းစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား အတည်ပြုရယူပြီးနောက် ညွှန်ကြားရေးမှူးက တက်ရောက်လာသော အသင်းဝင် ၃၀ အား အစုပေါ် အမြတ်ငွေကျပ် ၁၉၆၇၄၆၈ ကျပ်ကို ပေးအပ်ကြောင်း သိရသည်။

**မိုးမိုးခိုင်(ပြန်/ဆက်)**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တွေ့ဆုံလမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်တို့အား ဖေဖော်ဝါရီ ၁၇ ရက်တွင် YMBA (ဗဟို) ဥက္ကဋ္ဌရုံး၌ တွေ့ဆုံစဉ်မှာကြားခဲ့သည့် လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ YMBA(ဗဟို) အသင်းကြီး၌ ပြုလုပ်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဥက္ကဋ္ဌ၊ YMBA သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးရဲထွန်းက ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) တိုင်းနှင့်ပြည်နယ် ဥက္ကဋ္ဌများ ညှိနှိုင်းရေးမှူးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) တွဲဖက်အတွင်းရေးမှူး သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး YMBA အသင်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မွန်ပြည်နယ် YMBA အသင်းဥက္ကဋ္ဌ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးဗဟိုအဖွဲ့ဝင်က သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တိုင်းနှင့် ပြည်နယ် YMBA အသင်းများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အဝတ်အထည်များကို YMBA (ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် YMBA (ဗဟို)ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ ထန်းတောကျေးရွာကျောင်းသစ်ကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေးပြီး ဆရာတော် ဦးဝိလာသထံ မီးသတ်ဆေးဘူး လှူဒါန်းစဉ်။ ခရိုင်မီးသတ်

# သထုံမြို့နယ်တွင် အန္တရာယ်ဖြစ်နိုင်ခြေသိရှိ သတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း စီမံကိန်းလုပ်ငန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

သထုံ ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ပြုလုပ်သည့် အန္တရာယ်ဖြစ်နိုင်ခြေသိရှိ သတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း စီမံကိန်းလုပ်ငန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အောက်ကျင်းရပ်ကွက်ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ကိုယ်စားလှယ် ဒေါ်ဆိုင်းခွန်နှင့် အန္တရာယ်ဖြစ်နိုင်ခြေသိရှိ သတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်းစီမံကိန်း ကိုယ်စားလှယ် ဦးသန့်ဇင်တို့က အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်း၊ ထိခိုက်မှုလျော့ပါးရေး အသိပညာပေးခြင်း၊ အကူအညီပေးခြင်းစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်တို့ကို ပြန်လည်မေးမြန်းပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း အဆိုပါစီမံကိန်းလုပ်ငန်းများကို ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရပ်ကွက်/ကျေးရွာများရှိ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများထံသို့ လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဖလမ်း ဖေဖော်ဝါရီ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့၌ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ချင်းပြည်နယ်အလံတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးရှုလ်ဇမ်းက ဖတ်ကြားပြီး ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအက(Hnam Nun Mawi)သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရိုးရာယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့သည်။

ရဲမြင့်အောင်



# တီးတိန်မြို့၌ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



တီးတိန် ဖေဖော်ဝါရီ ၂၀

ချင်းပြည်နယ် တီးတိန်မြို့၌(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ကမ်းဟောက်ခန်းမတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

ဦးစွာ Zo Lau Kha PaaL Lun Ding Hi. သီချင်းအား အခမ်းအနားအဖွင့်သီချင်းအဖြစ် သီဆိုကြပြီး ချင်းပြည်နယ် (၉) မြို့နယ် ကိုယ်စားပြုသဘာပတိအဖွဲ့များက နေရာယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားသည်။

ဆက်လက်၍ သဘာပတိဥက္ကဋ္ဌ ဦးအိုက်ဇက်ဇင့်ထောင်းက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံအား ရှင်းလင်းတင်ပြပြီး(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တင်းနစ်နှင့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တီးတိန်မြို့၌ ချင်းအမျိုးသားနေ့အား ရိုးရာအဝတ်အစားများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများအား ခင်းကျင်းပြသခြင်း၊ ရိုးရာအစားအစာများဖြင့် တည်ခင်းခြင်းနှင့် ရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်း၊ စုပေါင်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။ မိုးမိုး

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# (၃၅) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၃၅)ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ရေဆင်း တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ သုတေသန စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ဆက်စပ်ပတ်သက်သူများအကြား ဆွေးနွေးတင်ပြနိုင်ရန်နှင့် သုတေသနရလဒ်များကိုလက်တွေ့ လုပ်ငန်းနယ်ပယ်များတွင် အသုံးချနိုင်ရန်၊ ပညာရပ်ဆိုင်ရာ အသိအမြင်များ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် သုတေသန လုပ်ငန်းများအတွက် အကြံပြုချက်များရယူနိုင်ရန် ရည်ရွယ်၍ ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ကြုံတွေ့လာသည့် ပြဿနာ၊ အခက်အခဲ၊ စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရန်အတွက် အသုံးချသုတေသနသည် မရှိမဖြစ်လိုအပ်ကြောင်း။

ယနေ့ ရင်ဆိုင်နေရသည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ချဉ်းကပ်မှုပုံစံသစ်များဖြင့် သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးဖြစ်စေမည့် Responsible Mining ဖြစ်စေရန် သုတေသနပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသန အကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍသုံးရပ် ပူးပေါင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အကျိုးရှိသည့် သုတေသနကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် သုတေသီများအနေဖြင့် ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့်အသုံးချသုတေသန ရလဒ်များပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်း ပိုစတာများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာ စာတမ်းရှင်များက သုတေသန တွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ရေဆင်းရှိဘွဲ့နှင်းသဘင်အဆောက်အအုံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဓမ္မာရုံ ပြန်လည်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ကိုယ်ကျင့်တရားကောင်းမွန်၍ နိုင်ငံတော်က အားကိုးရသည့် လူငယ်များဖြစ်အောင် ကြိုးပမ်းသွားရန် မှာကြားသည်။

(၃၅) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၃၀ ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ (Regional Workshop to Strengthen Capacity of National Mechanism for the Advancement of Women in AMS) ကို ယနေ့နံနက် ၈ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ရေးဆွဲရေး ဦးဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အမျိုးသမီးအဖွဲ့အစည်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ AFXB(Myanmar)၊ ACWO(Myanmar)တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံအမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ASEAN Gender Mainstreaming Steering Committee နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းသည် ASEAN Committee on Women – ACW Work Plan (2021–2025)တွင် ပါရှိသည့် လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သကဲ့သို့ ASEAN Gender Mainstreaming Strategic Framework–AGMSF ပါရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက်အထောက်အကူပြုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများမှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များနှင့် စိန်ခေါ်မှုများကို အတွေ့အကြုံမျှဝေ ဖလှယ်ဆွေးနွေးပေးနိုင်ရန် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ASEAN Committee on Women (ACW) ဥက္ကဋ္ဌကိုယ်စား မလေးရှားနိုင်ငံ Ministry of Women, Family and Community Development မှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Chua Choon Hwa က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ACW ကိုယ်စားလှယ်များက အမျိုးသမီးဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် ASEAN Gender Mainstreaming Strategic Framework (AGMSF)လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများအနေဖြင့် ကြုံတွေ့ရသော အတွေ့အကြုံများ၊ ကောင်းမွန်သည့်အလေ့အထများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများဖြစ်သော ASEAN Confederation of Women's Organisations – ACWO (Myanmar)၊ ASEAN Women Entrepreneurs Network (AWEN) နှင့် AFXB (Myanmar) တို့မှ ကိုယ်စားလှယ်များက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာယန္တရားများ ခိုင်မာအားကောင်း စေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် အကျိုးရလဒ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ကဏ္ဍစုံ၌ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံမဏ္ဍိုင် (၃) ရပ်အောက်ရှိ အဓိကတာဝန်ယူဆောင်ရွက်နေကြသော နိုင်ငံခြားရေးဝန်ကြီးဌာန (APSC)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (AEC)နှင့် ကျန်းမာရေးဝန်ကြီးဌာန (ASCC) တို့၏ ကိုယ်စားလှယ်များက ကျား၊ မ တန်းတူညီမျှမှု ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်ကြသူများက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး ဆွေးနွေးခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ကျောဖုံးမှ**

M2K အသင်းက Winner Soccer အသင်းကို ငါးဂိုး–နှစ်ဂိုး၊ Generations အသင်းက Futsal–19 အသင်းကို ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၄) အပြီးတွင် VUC အသင်းက ရမှတ် ၄၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MIU အသင်းက ၃၁ မှတ်၊ Generations အသင်းက ၂၉ မှတ်၊ Winner Soccer အသင်းက ၂၆ မှတ်၊ Futsal–19 အသင်းက ၁၆ မှတ်၊ ဖူဆယ်ချစ်သူအသင်းနှင့် Dream Team အသင်းက ၁၅ မှတ်စီ၊ M2K အသင်းက ၁၄ မှတ်၊ လင်းလက်အသင်းက ၁၀ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ –MFF**

**❂ ပီအက်စ်ဂျီအသင်းမှ**

စာချုပ်မချုပ်ဆိုရသေးပေမယ့် မကြာမီကာလအတွင်းမှာ အမ်ဘာတ်ပီရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး ကြေညာသွားဖို့ ရီးယဲလ်မက်ဒရစ်အသင်းက ပြောကြားခဲ့ပါတယ်။

ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးထားနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘာတ်ပီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုး ၂၄၄ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အသင်းရဲ့သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်းထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘာတ်ပီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီထားပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ စာချုပ်ချုပ်ဆိုခဲ့ပါက တစ်ရာသီမှာ ယူရို ၁၅ သန်း(ပေါင် ၁၂ ဒသမ ၈ သန်း)ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကွင်းလယ်ကစားသမား လူကာမိုဒရစ်အသင်းကနေ ထွက်ခွာခဲ့ရင် ပြင်သစ်တိုက်စစ်မှူး အမ်ဘာတ်ပီအား ကျောနံပါတ် ၁၀ ဝတ်ဆင်ခွင့်ပြုသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ငွေကြယ်**

# ပြည်သူ့စစ်မှုထမ်းများခေါ်ဆိုရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေး

## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်မံအသိပေးလိုသည့်အချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



"ကျွန်တော့်အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ နိုင်ငံသူနိုင်ငံသားများ၊ မိဘပြည်သူများကို သိသင့်သိထိုက်တာတွေ၊ အသိပေးရမှာတွေကို စဉ်ဆက်မပြတ် တင်ပြအသိပေးလျက်ရှိပါတယ်။ ဒီနေ့မှာလည်း ထပ်မံအသိပေးတင်ပြလိုတာတွေကို တင်ပြသွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ပြည်သူလူထုသိရှိအောင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ YMBA နဲ့ တွေ့ဆုံတဲ့အချိန်မှာ တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာတော့ ပြည်ပနိုင်ငံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံရဲ့ သံအမတ်ကြီးတွေ၊ သံရုံးယာယီတာဝန်ခံတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အရန်တပ်ဖွဲ့ဥပဒေနဲ့ပတ်သက်ပြီး တစ်ကြိမ် ပြောကြားခဲ့ပါတယ်။ ဒီပြောကြားချက်တွေကို ကျွန်တော်ထပ်မံအသိပေးလိုပါတယ်။

"ဒီပြည်သူ့စစ်မှုထမ်းဥပဒေဟာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ဖို့ ယခင်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်တဲ့အကြောင်း၊ အဲဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်ဆိုတဲ့အကြောင်းနဲ့ သတ်မှတ်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားသာ တာဝန်ထမ်းဆောင်ဖို့ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာအခြေအနေဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပထမဦးဆုံး ပြောကြားခဲ့ပါတယ်။ ဒါလေးကို ကျွန်တော်တို့ မိဘပြည်သူများသိအောင် ထပ်မံတင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ YMBA နဲ့ တွေ့ဆုံတဲ့အခါမှာလည်း သတ်မှတ် အသက်အပိုင်းအခြားအတွင်းမှာသင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်စေရန်ဖြစ်ပြီး နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပြီး ထုတ်ပြန်ထားတဲ့ဥပဒေကို လေ့လာခြင်းမရှိဘဲနဲ့ အခြေအမြစ်မရှိတဲ့ သတင်းမှားတွေ ထင်မြင်သုံးသပ်ချက်တွေပေါ် အခြေခံပြီး သွေးထိုးလှုံ့ဆော်နေတာတွေရှိလို့ မိဘပြည်သူများ သတိပြုကြရန်လိုကြောင်း ပြောကြားခဲ့ပါတယ်။

> ○ ဒီပြည်သူ့စစ်မှုထမ်းဥပဒေဟာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ဖို့ ယခင်ကတည်းကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အကြောင်း၊ အဲဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်ဆိုတဲ့အကြောင်းနဲ့ သတ်မှတ်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားသာ တာဝန်ထမ်းဆောင်ဖို့ဖြစ်ပြီး ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာ အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပထမဦးဆုံးပြောကြားခဲ့

"ဒါ့အပြင် သံအမတ်ကြီးတွေနဲ့တွေ့ဆုံတဲ့အခါမှာလည်း အရန်တပ်ဖွဲ့ဥပဒေနဲ့ပတ်သက်ပြီး အရန်တပ်ဖွဲ့ဥပဒေကို စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမယ်လို့ ဆိုလိုတာမဟုတ်ဘဲနဲ့၊ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်တာဝန်ပေးအပ်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထုအားလုံးသိရှိအောင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ မကြာခဏပြောကြားခဲ့တာတွေရှိပါတယ်။ နိုင်ငံတစ်ခုတည်ဆောက်ဖို့၊ နိုင်ငံတစ်ခုတည်မြဲဖို့အတွက် နိုင်ငံရေးစွမ်းအား POLITICAL MIGHT၊ စီးပွားရေးစွမ်းအား ECONOMIC MIGHT နဲ့ ကာကွယ်ရေးစွမ်းအား MILITARY MIGHT ကောင်းဖို့လိုအပ်တယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဒီအထဲမှာ စီးပွားရေးစွမ်းအားက အဓိကပါပဲ။ ဒါမှ ကျန်တဲ့စွမ်းအားတွေကို မြှင့်တင်နိုင်တယ်ဆိုတာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီစီးပွားရေးနဲ့ ပတ်သက်ပြီးတော့ သီအိုရီတွေ အယူအဆတွေမျိုးစုံရှိပေမယ့် ရှုပ်ရှုပ်ထွေးထွေး မပြောလိုပါဘူး။ တစ်ခုပဲ ပြောလိုပါတယ်။ စီးပွားရေးအင်အားတောင့်တင်းဖို့ဆိုရင် ရိုးရိုးရှင်းရှင်းနဲ့ ကျမ်းရိုးဘောဂဗေဒမှာ ပြောထားတဲ့အတိုင်း ကုန်ထုတ်စွမ်းအားစုတွေ တောင့်တင်းဖို့လိုတယ်။ ကုန်ထုတ်ဆက်ဆံရေး စနစ်တကျခိုင်မြဲဖို့လိုပါမယ်။

> ○ သတ်မှတ်အသက်အပိုင်းအခြား အတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်စေရန်ဖြစ်ပြီး နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်

"ကုန်ထုတ်စွမ်းအားစုဆိုတဲ့ နေရာမှာ ဆန်းသစ်တဲ့အယူအဆတွေ မျိုးစုံပေါ်လာမှုနဲ့ ယခင်ကျမ်းရိုးဘောဂဗေဒအတိုင်းဆိုရင်တော့ (LAND LABOUR CAPITAL) ကုန်ထုတ်စွမ်းအားစုနဲ့ မြေယာလုပ်အား အရင်းအနှီးပါပဲ။ အစိုးရတစ်ရပ်အနေနဲ့ ဒါတွေကို အလေးအနက်ထားပါတယ်။ လုပ်အားဆိုတဲ့နေရာမှာ လူသားအရင်းအနှီး HUMAN CAPITAL သည် အလေးထားရမှာဖြစ်ပါတယ်။ ဒီထဲမှာ LABOUR လုပ်အား ဆိုတာပါပါတယ်။ ဒါတွေကို ကျွန်တော်တို့က အစိုးရတစ်ရပ်အနေနဲ့ အမြဲတမ်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ခုနကပြောတဲ့ နိုင်ငံရေးစွမ်းအားတွေ၊ စီးပွားရေးစွမ်းအားတွေ၊ ကာကွယ်ရေးစွမ်းအားတွေ ဒီနိုင်ငံတော်အတွက် လိုအပ်တဲ့စွမ်းအားစုတွေကို တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဘက်ညီမျှတစွာ ကျင့်သုံးသွားမှာပဲဖြစ်ပါတယ်။ ဒါတွေကို ပြည်ဖျက်မီဒီယာတွေ၊ တချို့သော EAOS တွေကကောလာဟလတွေ ထုတ်လွှင့်ပြီး ပြည်သူလူထုစီးပွားဘဝ မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူလူထုစိုးရိမ်ထိတ်လန့်မှုတွေဖြစ်အောင် လုပ်ဆောင်နေတာမျိုးတွေ ကျွန်တော်တို့တွေ့ရပါတယ်။

"ကျွန်တော် ယခင်ကလည်း အင်အားနဲ့တကွ တွက်ချက်တင်ပြပြီးဖြစ်ပါ တယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ဖို့အတွက် ထမ်းဆောင်နိုင်တဲ့၊ အကျုံးဝင်နိုင်တဲ့ အင်အား ၁၃ သန်းရှိပါတယ်။ ဒီအထဲမှာ အမျိုးသားအင်အားက ခြောက်သန်းကျော်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စေရာမှာ ဒီအမျိုးသားဦးရေ ခြောက်သန်းထဲကမှ တစ်ရာခိုင်နှုန်း ခြောက်သောင်းနီးပါးလောက်ပဲ ကျွန်တော်တို့ ခေါ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါတွေကလည်း အလှည့်ကျ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက်ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ ဒီနေ့မှာရှင်းလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကိုလတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းစွာပြောကြားလိုပါတယ်။

> ○ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စေရာမှာ ဒီအမျိုးသားဦးရေ ခြောက်သန်းထဲကမှ တစ်ရာခိုင်နှုန်း ခြောက်သောင်းနီးပါးလောက်ပဲ ကျွန်တော်တို့ ခေါ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါတွေကလည်း အလှည့်ကျ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာဖြစ်

အားလုံးကိုကျေးဇူးတင်ပါတယ်"။

# အီသီယိုးပီးယားနိုင်ငံ၌ ကလေးငယ် ၁၀ ဒသမ ၈ သန်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေ



**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၂၀**

အီသီယိုးပီးယားနိုင်ငံရှိ ကလေးငယ် ၁၀ ဒသမ ၈ သန်းသည် ၂၀၂၄ ခုနှစ်တွင် အရေးပေါ် လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အီသီယိုးပီးယား လူသားချင်းစာနာမှု အခြေအနေဆိုင်ရာ နောက်ဆုံး အစီရင်ခံစာတွင် ကုလသမဂ္ဂ အေဂျင်စီက ကလေးငယ် ၁၀ ဒသမ ၈ သန်းခန့် အပါအဝင် အနည်းဆုံး လူဦးရေ သန်း ၂၀ သည် ၂၀၂၄ ခုနှစ်တွင် အရေးပေါ် လူသားချင်းစာနာမှု အကူအညီများ လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံ၌ ကြုံတွေ့နေရသော အကျပ်အတည်းများ၏ ဆိုးရွားသော အကျိုးဆက်များကို ရှောင်ရှားနိုင်ရန်နှင့် အခြေခံစားနပ်ရိက္ခာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အမေရိကန်ဒေါ်လာ ၅၃၅ သန်း လိုအပ်လျက်ရှိကြောင်းလည်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။

ထို့ပြင် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှု ပေးခြင်း၊ ကလေးများအတွက် ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် လိုအပ်နေသော မိသားစုများအတွက် သန့်ရှင်းသောရေများ ပေးဆောင်ရန် ရန်ပုံငွေများ လိုအပ်နေကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဆိုသည်။

လတ်တလောဖြစ်ပွားနေသော မိုးခေါင်ရေရှားမှု၊ ပဋိပက္ခနှင့် ရောဂါကူးစက်မှုများသည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာကိစ္စရပ်များကြောင့် လိုအပ်ချက်များ တိုးမြင့်လာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ကိုးကား-ဆင်ဟွာ၊
ဘာသာပြန်-အလင်းသစ်



# ဗီယက်နမ်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ အလုပ်သမား ၁၂၅၀၀၀ စေလွှတ်မည်

**ဟန္နိုင်း ဖေဖော်ဝါရီ ၂၀**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံရပ်ခြားသို့ အလုပ်သမား ၁၂၅၀၀၀ စေလွှတ်ရန် ရည်မှန်းထားပြီး ဂျပန်နိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် တောင်ကိုရီးယားနိုင်ငံတို့အား အဓိက စေလွှတ်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ် သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် တရုတ်(တိုင်ပေ)သို့ အလုပ်သမား ၄၈၀၀၀ ခန့်၊ ဂျပန်နိုင်ငံသို့ အလုပ်သမား ၆၃၀၀၀ နှင့် တောင်ကိုရီးယားနိုင်ငံသို့ အလုပ်သမား ၈၅၀၀ ခန့် စေလွှတ်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနက ပြောကြားသည်။

**အလုပ်သမား ၆၅၀၀၀၀ ခန့်ရှိ**

၂၀၂၃ ခုနှစ်အတွင်း စာချုပ်အရ နိုင်ငံရပ်ခြားသို့ စေလွှတ်သည့် ဗီယက်နမ် အလုပ်သမားအရေအတွက် ၁၅၅၀၀၀ ရှိကြောင်း သိရသည်။ လက်ရှိတွင် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသ ၄၀ တွင် ဗီယက်နမ်နိုင်ငံမှ အလုပ်သမား ၆၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ရုရှားနိုင်ငံ ကာဇန်မြို့၌ ပထမအကြိမ် နိုင်ငံတကာ အားကစားပြိုင်ပွဲ ကျင်းပမည်

**ကာဇန် ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံ ကာဇန်မြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည့် ပထမအကြိမ် နိုင်ငံတကာအားကစားပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်းရှိ အတွေ့အကြုံရင့် အသင်းပေါင်း ၂၆၀ ကျော်နှင့် ဆန်းသစ်တီထွင်သော နယ်ပယ် ၂၁ ခုတွင် နိုင်ငံအသီးသီးမှ အားကစားသမား ၂၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း en.gofuture.games ဝက်ဘ်ဆိုက်မှ သိရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတို့အတွင်းက ရုရှားနိုင်ငံ ကာဇန်မြို့၌ FIGITAL ဂိမ်းများဖြစ်သည့်FIGITAL ဘောလုံးပြိုင်ပွဲ၊ FIGITAL ဘတ်စကက်ဘောပြိုင်ပွဲ၊ ဒရုန်းပြိုင်ပွဲ၊ FIGITAL unifighting ပြိုင်ပွဲ၊ ဟော်ကီပြိုင်ပွဲ၊ Speedrun၊ MLBB၊ Dota 2၊ Warface နှင့် CS စသည်ဖြင့် ကွန်ပျူတာဂိမ်းနှင့် လက်တွေ့အားကစားပေါင်းစပ်သည့် အားကစားနည်းပြိုင်ပွဲများ စတင်ကျင်းပခဲ့သည်။

Phygital ကစားနည်းသည် ကွန်ပျူတာဂိမ်းတစ်ခုတွင် အားကစားသမားများ၏ လက်တွေ့ကွင်းအတွင်း ကစားခြင်းနှင့် ဒစ်ဂျစ်တယ်စွမ်းရည်နှစ်ခုလုံးကို ပေါင်းစပ် စမ်းသပ်သည့် အားကစားနည်းဖြစ်သည်။

ကိုးကား-en.gofuture.games
ဘာသာပြန်-စိုးသူရ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၇၅ | ၂၉၂၅ | ၂၉၂၅ | ၂၈၈၅ | ၂၉၂၅ | ၂၉၄၅ | ၂၉၃၀ | ၂၉၁၀ | ၃၀၁၀ | ၃၀၂၅ | ၂၉၁၅ | ၂၉၃၅ | ၂၉၆၀ | ၂၉၆၀ | ၂၉၆၅ | ၃၁၉၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၃၀ | ၂၉၆၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၁၀ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၄၆ | ၂၈၃၅ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၃၂ | ၂၆၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂျပန်နိုင်ငံ၌ အခွန်ပေးဆောင်မှုမရှိသော နိုင်ငံခြားသားများအား အမြဲတမ်းနေထိုင်ခွင့် ရုပ်သိမ်းမည်

**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူများသည် တည်ဆဲဥပဒေများကို အကြိမ်ကြိမ်ချိုးဖောက်ခြင်းနှင့် အခွန်ပေးဆောင်မှု မရှိခြင်း ကဲ့သို့သော စည်းကမ်းဥပဒေချိုးဖောက်ခြင်းများအတွက် အမြဲတမ်းနေထိုင်ခွင့် ရုပ်သိမ်းမည့်အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူများက ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်နေကြကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

လက်ရှိကျင့်သုံးနေသည့် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူများသည် အခွန်ထမ်းဆောင်ရန် ပျက်ကွက်မှု အပါအဝင် ဥပဒေချိုးဖောက်မှုများအကြိမ်ကြိမ်ရှိနေသော်လည်း အမြဲတမ်းနေထိုင်ခွင့်ဆုံးရှုံးခြင်း မရှိချေ။

ယခုပြောင်းလဲကျင့်သုံးသွားမည့် စည်းမျဉ်းအသစ်အရ အခွန်ထမ်းဆောင်ရန်ပျက်ကွက်ခြင်းနှင့် ခိုးမှုကဲ့သို့သော ရာဇဝတ်မှုကျူးလွန်သူများအား ထောင်ဒဏ်တစ်နှစ်အထိ အပြစ်ပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဒေသအသီးသီး၌ အခွန်ထမ်းဆောင်ရန်ပျက်ကွက်သူ နိုင်ငံခြားသားများ နေထိုင်နေကြောင်း တွေ့ရှိပါက အချိန်မီ သတင်းပေးပို့ရေးအတွက် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

အဆိုပါ အမြဲတမ်းနေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသားများ လိုက်နာရန် ဥပဒေကြမ်းအသစ်ကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ထားဝယ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ် အောင်ဆန်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**ချီးမြှင့်ငွေများပေးအပ်**

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရာဇဓိရာဇ်လမ်း၊ ရတနာဒီပရပ်ကွက်၊ အမှတ်(၉)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်တိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၂-၂၀၂၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်တိုးတက်ရေးပါတီ၏ အလံပုံစံ**



**မွန်တိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျိုက်ထိုမြို့နယ်၌ ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ဒိုက်ဦးမှ ဘားအံသို့ ခိုင်ဇော်ထွန်း မောင်းနှင်ပြီး နိုင်ဇော်နှင့် နန္ဒထွန်းတို့ လိုက်ပါလာသည့် Hyundai Mini Bus ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၄ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်မျိုးနိုင်(ခ)ဒသည်းကို ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာရှိ ၎င်း၏ နေအိမ်တွင် Hyundai Grace ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# လေးမျက်နှာမြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

**လေးမျက်နှာ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် ( ၁ /၂၀၂၄ ) ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှိ ခန်းမဆောင်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁)ဗိုလ်မှူးရဲရင့်နောင်က သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းက ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်( ၁ /၂၀၂၄ )ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ သင်တန်းနည်းပြ ဆရာများက ရှာဖွေကယ်ဆယ်ရေးဆိုင်ရာနည်းစနစ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ သန္နေတပ်ဖွဲ့ဝင် ၂၅ ဦး စုစုပေါင်း ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ရဲနောင်**

# ဆီဆိုင်မြို့မှ စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို တပ်မတော်က လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့၌ ယနေ့နံနက်ပိုင်းက စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် ပြည်သူ ခုနစ်ဦး သေဆုံးခဲ့ကြောင်းကို ဆီဆိုင်မြို့၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PNLA သတင်းရင်းမြစ်က ပြောဆိုသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လက်နက်ကြီးပစ်ခတ်ခြင်းနှင့် ဒရုန်းအသုံးပြုတိုက်ခိုက်ခြင်းများမရှိကြောင်း ဆီဆိုင်မြို့တွင် နေထိုင်သူဒေသခံများ၏ ပြောကြားချက်များအရ သိရှိရသည်။

အဆိုပါဆီဆိုင်မြို့ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း KNDF၊ PNLA၊ PDF အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီး ဆီဆိုင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါ်ထင်ထင် လုပ်ဆောင်လျက်ရှိရာ ထိုသို့အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူများက ၎င်းတို့၏လုပ်ရပ်များကို ကန့်ကွက်လျက်ရှိသည့်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေကာ ဒေသခံပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကောင်စီက စစ်ဘေးရှောင် ပြည်သူများ၏ ကားတန်းကို လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း၊ ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်မှု ပြည်သူ ၇ ဦးသေဆုံး

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

အကြမ်းဖက်စစ်ကောင်စီက စစ်ဘေးရှောင် ပြည်သူများ၏ ကားတန်းကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်းတို့ ပြုလုပ်ရာ ပြည်သူ ၇ ဦးသေဆုံးကြောင်း PNLA သတင်းရင်းမြစ်က ရန်ကုန်ခေတ်သစ် သတင်းဌာနထံသို့ ပြောဆိုသည်။

ယမန်နေ့ နံနက် ၆ နာရီခန့်အချိန် ဆီဆိုင်မြို့သို့ ပစ္စည်းပြန်သယ်ရန် ပြန်လာသည့် စစ်ဘေးရှောင်ပြည်သူ လူထု၏ကားတန်းကို စစ်ကောင်စီက လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခြင်းကြောင့် ပြည်သူလူထု ၇ ဦးသေဆုံးခဲ့ရကြောင်း၊ ပစ္စည်းသယ်ရန်ပြန်လာသည့် ပြည်သူများ၏ ကားတန်းသည် ဆီဆိုင်မြို့နှင့် တဆက်တစပ်တည်း တည်ရှိသည့် ဝါးတောရွာအနီးအရောက်တွင် စစ်ကောင်စီက လက်နက်ကြီးများ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး လုပ်ငန်းအချိန်ဇယားအရ ရွေ့ပြေးအစီရင်ခံစာထုတ်ပြန်ခြင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်ဖို့ လျာထားဆောင်ရွက်သွားမည်

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်သည်။ သန်းခေါင်စာရင်း၏ ထူးခြားသောအရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်သည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ် အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် အထောက်အထားပေါ်အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သည်။

သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက် အသုံးဝင်သည်။

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသားလိုက်ရပါသည်-

**မေး။** သန်းခေါင်စာရင်းကောက်ယူရခြင်းနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြား ပေးစေလိုပါတယ်။

**ဖြေ။** နိုင်ငံတစ်နိုင်ငံမှာ လူဦးရေ ဘယ်လောက်ရှိတယ်။ ကျေးလက်နဲ့ မြို့ပြတွေမှာ နေထိုင်မှုအခြေအနေတွေက ဘယ်လိုရှိတယ်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီရဲ့ လူဦးရေနဲ့ လူမှုစီးပွားအခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတာ အနီးစပ်ဆုံးနဲ့ အမှန်ကန်ဆုံး သိရှိမှသာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ၊ မူဝါဒတွေချမှတ်ရာမှာ ထိရောက်ပြီး တိုးတက်မှုရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရဲ့ လူဦးရေကို သိရှိနိုင်ဖို့ သန်းခေါင်စာရင်းကောက်ယူရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နှစ် ၃၀ ကြာ မကောက်ယူနိုင်ခဲ့တဲ့ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကောက်ယူနိုင်ခဲ့တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ အကျိုးကျေးဇူးတွေကတော့ နှစ်ပေါင်းများစွာ နိုင်ငံရဲ့ လူဦးရေကို ခန့်မှန်းတဲ့နေရာမှာ အချိန်ကြာမြင့်လာတာနဲ့အမျှ မြေပြင်အခြေအနေနဲ့ကွာဟချက် ကြီးမားလာတာကို ပြင်ဆင်နိုင်သကဲ့သို့ လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းအတော်များများ ရရှိခဲ့တဲ့အတွက် နိုင်ငံတော်အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ များစွာ အထောက်အပံ့ဖြစ်စေပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့အညီ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူဖို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရတဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံရဲ့ တိကျမှန်ကန်တဲ့ လူဦးရေနဲ့ လူမှုစီးပွားဆိုင်ရာ စာရင်းအင်း အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိဖို့၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့ လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုတွေကို နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်တွေအတွက် မူဝါဒတွေ ချမှတ်နိုင်ဖို့၊ စီမံကိန်းတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ရေးဆွဲဆောင်ရွက်နိုင်ဖို့၊ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာ၌ လိုအပ်တဲ့ အညွှန်းကိန်းတွေပံ့ပိုးပေးနိုင်ဖို့ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) ရဲ့ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics–NSDS) ကို အထောက်အပံ့ပြုနိုင်ရန်နဲ့ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်စေရေး အထောက်အကူဖြစ်စေရန်တို့အတွက် ဖြစ်ပါတယ်။





သန်ခေါင်းစာရင်းကောက်ယူမှုမှတ်တမ်းဓာတ်ပုံ။

**မေး။** သန်းခေါင်စာရင်းကောက်ယူနိုင်ဖို့ အခြားနိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပါဝင်ဆောင်ရွက်မှုကိုလည်း သိပါရစေ။

**ဖြေ။** ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကိုတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့သာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနတွေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုတွေနဲ့သာ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေကတော့ လူဦးရေစာရင်းမှန်ကန်ရေး လုပ်ငန်းတွေမှာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** သန်းခေါင်စာရင်း အချက်အလက်တွေ ဘယ်အချိန်လောက်မှာ ထုတ်ပြန်သွားမှာလဲ သိပါရစေ။

**ဖြေ။** သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူသွားမှာဖြစ်ပြီး လုပ်ငန်းအချိန်ဇယားအရ ရွေ့ပြေးအစီရင်ခံစာထုတ်ပြန်ခြင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်ဖို့ လျာထားဆောင်ရွက်သွားမှာဖြစ်တယ်။ ဆန်းစစ်လေ့လာခြင်းနဲ့ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာတွေကို ၂၀၂၅ ခုနှစ်အတွင်းမှာ ပြုစုထုတ်ပြန်ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦး

**မေး။** သန်းခေါင်စာရင်းကောက်ယူရာမှာ အရပ်ဘက်အဖွဲ့အစည်းတွေ ဘယ်လိုပါဝင်နိုင်သလဲ သိပါရစေ။

**ဖြေ။** ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာမှာ စာရင်းစစ်၊ စာရင်းကောက်တွေအဖြစ် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တွေအလိုက် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေနဲ့ စိတ်ပါဝင်စားသူ (Volunteer)တွေက ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။** သန်းခေါင်စာရင်းကောက်ယူရာမှာ ဘယ်သူတွေကိုကောက်ယူမှာလဲ သိပါရစေ။

**ဖြေ။** **သန်းခေါင်စာရင်း** ကောက်ယူရာမှာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်သတ်မှတ်ပြီး အဆိုပါ ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူအားလုံးကို စာရင်း ကောက်ယူမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းတွင် သမားရိုးကျအိမ်ထောင်စုတွေမှာ နေထိုင်သူတွေသာမက အဖွဲ့အစည်းတွေဖြစ်တဲ့ ဘိုးဘွားရိပ်သာတွေ၊ မိဘမဲ့ဂေဟာတွေ၊ဘုန်းတော်ကြီးကျောင်းတွေ၊ အကျဉ်းထောင်တွေ၊ ဘော်ဒါဆောင်တွေ၊ ဆေးရုံတွေ၊ တပ်ရင်းတပ်ဖွဲ့တွေမှာ နေထိုင်သူတွေနဲ့ အိမ်ခြေရာခြေမဲ့တွေအပါအဝင် လူအားလုံးကို စာရင်းကောက်ယူမှာဖြစ်ပါတယ်။ **စာမျက်နှာ ၁၇ သို့** ❖





သန်ခေါင်းစာရင်းကောက်ယူမှုမှတ်တမ်းဓာတ်ပုံ။

## လေသာကျောင်းတိုက်ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အောင်သပြေရပ်ကွက် လေသာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သက်တော် (၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း (၉)ရက် (၁၈-၂-၂၀၂၄)ရက် တနင်္ဂနွေနေ့ ည ၈ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့၌ ဥပဒေအသိပညာပေးဟောပြော



မော်လမြိုင် ဖေဖော်ဝါရီ ၂၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းက ကျင်းပသည့် ဥပဒေအသိပညာပေး ဟောပြောပို့ချခြင်းကို ယနေ့ နံနက် ၈ နာရီက မုဒုံမြို့ အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အမျိုးသမီးများနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည့် အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက် ပုဒ်မများ၊ ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၀ ပြည့်နှစ် ပြည်သူ့စစ်မှုထမ်းဥပဒေတို့နှင့် သက်ဆိုင်သော ဥပဒေပါ သိသင့်သိထိုက်သည့် ပြဋ္ဌာန်းချက်များကို ရှင်းလင်း ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူး၍ ကြိမ်၊ ဝါး အခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။



အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေ ချီးမြှင့်ပြီး သင်တန်းနည်းပြ ဦးနိုင်ဦးက ကြိမ်၊ ဝါး အခြေခံလက်မှုထည်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သင်တန်းမှာရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၃၄ ဦးအား သင်တန်းနည်းပြ ခုနစ်ဦးက သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ



ဝါသနာရှင်အဆင့် အမျိုးသား ပြိုင်ပွဲ ဒုတိယနေ့ အပြီးတွင် ပူးတွဲ ဦးဆောင်နေသည့် ချစ်ရင်ထူး။

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် ပြိုင်ပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ ဒုတိယနေ့အပြီး ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်ထွန်းနှင့် ချစ်ရင်ထူးတို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၇ ချက်စီဖြင့် ပူးတွဲဦးဆောင်နေပြီး ကောင်းထိုက်ဇော်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် နောက်မှလိုက်နေသည်။ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြုံးပြုံးထွေးက ၇၈ ချက်ဖြင့် ပထမ၊ ချိုသာအောင်က ၈၀ ချက်ဖြင့် ဒုတိယ၊ ခိုင်ဇင်အောင်က ၈၂ ချက်ဖြင့် တတိယတို့တွင် ရပ်တည်လျက်ရှိသည်။

ဝါသနာရှင်အဆင့်ပြိုင်ပွဲ တတိယနေ့နှင့် သက်ကြီးတန်း (အသက် ၅၅ နှစ်အထက်) ပြိုင်ပွဲ ပထမနေ့တို့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MGF**

## နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အောင်သပြေရပ်ကွက် လေသာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်း တိုင်းဒေသကြီး ကောလင်းမြို့နယ် အင်ပင်သာကျေးရွာ၊ ခမည်းတော် ဦးမြင့်+ မယ်တော် ဒေါ်ရွှေကုံးတို့မှ ၁၂၉၁ ခုနှစ် သီတင်းကျွတ်လဆန်း(၁၃)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် အင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တဒီပကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော်(၅)ရက်နေ့တွင် ကောလင်းမြို့နယ် ကံလယ်ကြီးကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ကောလင်းမြို့ ဗိုလ်တဲရပ် ဦးဘိုးနီ၊ ဒေါ်မမလေး၊ ကံလယ်ကြီးရွာ ဦးသိန်း၊ ဒေါ်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တဒီပ၊ ကောလင်းမြို့ မဟာဒေဝိန္ဒာရာမ ရှမ်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ ရွှေဘိုမြို့ မဟာဘုံစံကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ ဘုရားကြီးတိုက် ရတနာမဥ္ဇူကျောင်းဆရာတော်စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့ ဘုရားကြီးတိုက်၊ ကောလင်းမြို့ လေသာကျောင်း ပရိယတ္တိစာသင်တိုက်တို့၌ စာပေပရိယတ်များကို သင်ကြားပို့ချတော်မူခဲ့ပြီး ပထမအကြိမ် မြို့နယ်/တိုင်း ဝိနည်းဓိုရ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၌ မြို့နယ် သံဃနာယကအဖွဲ့ဝင်၊ စတုတ္ထအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော် သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဟိတဧရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထန္တရဗဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၀ ပြည့်နှစ်တွင် "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ (၁၈-၂-၂၀၂၄)ရက် တနင်္ဂနွေနေ့ (၂၀:၀၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်သင်ကြား

ပုသိမ် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးပြုလုပ်သည့် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ယမန်နေ့က အဆိုပါဦးစီးမှူးရုံးတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်အတွင်း အသင့်စုဖွဲ့ထားသည့် ရှာဖွေကယ်ဆယ်ရေးတပ်စုများအပြင် အခြားတပ်ဖွဲ့ဝင်များကိုလည်း လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် လေ့ကျင့်မှုကျွမ်းကျင်မှုများ ရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သင်တန်းမှူးများ၊ သင်တန်းသား သန္နေ မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် စာတွေ့နှင့်လက်တွေ့သရုပ်ပြသခြင်းများဖြင့် သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄)ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ် - ၂၄ (က/ခ) နေ ဒေါ်ဝင်းသိင်္ဂီစော [၁၂/အစန(နိုင်)၀၁၄၈၇၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် -

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် (ယခင်)၊ ကလောခရိုင် (ယခု)၊ ကလောမြို့၊ ရပ်ကွက် - အမှတ် (၁၀) ရပ်ကွက် ကလော၊ ကွင်းအမှတ်နှင့်အမည် - ၄၃ (ဗိုလ်ကုန်း အနောက်ပိုင်း)၊ ဦးပိုင်အမှတ် - ၁၂၊ မြေကွက် အမှတ် - ၂၈/၄၈၊ ဧရိယာ (၀.၃၄၆) ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၆၅၊ ကနောင်ဆောင် အနောက်၊ အမှတ် (၁၀) ရပ်ကွက်၊ ကလောမြို့ဟုခေါ်တွင်သည့် ဒေါ်စောစန္ဒာကြည် [၁၂/အစန(နိုင်)၁၀၅၉၀၃]အမည်ပေါက်လျက်ရှိသော မြေကွက်နှင့်ပတ်သက်၍ (၁၃-၁၂-၂၀၂၃) ရက်နေ့တွင် ဖခင် ဦးသန်းမောင်နှင့် မိခင် ဒေါ်ခင်စန်းအေးတို့ (၂)ဦး ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပြီး အမွေဆိုင် ပစ္စည်းဖြစ်ကြောင်း ထည့်သွင်းကြေညာခဲ့ပါသည်။ ယခုအခါ ဦးသန်းမောင်၊ ဒေါ်ခင်စန်းအေးတို့၏ သား၊ သမီးများဖြစ်ကြသော ကျွန်ုပ်မိတ်ဆွေအပါအဝင် ဒေါ်စောစန္ဒာကြည်၊ ဦးဝဏ္ဏဇော်၊ ဒေါ်မိုးစန္ဒာကြည်၊ ဒေါ်စောသိင်္ဂီနွယ်၊ ဦးစိုင်းဘိုဘိုဇော် တို့မှ မိသားစုစီမံမှုစာချုပ်ချုပ်ဆိုကာ အမွေပစ္စည်းခွဲဝေရယူပြီးဖြစ်၍ အထက်ဖော်ပြပါ ဒေါ်စောစန္ဒာကြည် အမည်ပေါက်လျက်ရှိသော မြေကွက်သည် အမွေဆိုင်ပစ္စည်း မဟုတ်တော့ကြောင်းနှင့် ဒေါ်စောစန္ဒာကြည်သာလျှင် စီမံခန့်ခွဲခွင့် အပြည့်အဝရှိသွားပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၂၊ မြေကွက်အမှတ်-၁၅၁၂၊ အကျယ်အဝန်း ( ၄၀ ပေ x ၆၀ ပေ)ရှိ မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် ဒေါ်တင်အေး (E/RGN-၀၁၉၉၁၄) [၁၂/သဃက(နိုင်)၁၃၀၈၀၄] အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကြီးအနက်မှ **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၁၅၁၂၊ မဟာဆွေလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** (၁၀-၁၁-၁၉၉၅) ရက်စွဲပါ စာချုပ်အရ ဦးငွေစိုး[၁၂/ဥကတ(နိုင်)၀၅၁၁၆၁]နှင့် ဒေါ်ခင်မာလာ (KYMT-၀၀၄၉၅၉) တို့မှ ဝယ်ယူထားပြီး ၎င်းတို့ (၂)ဦး၏ ခွင့်ပြုချက်အရ ရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဒေါ်မိမိချို [၁၂/ကမရ(နိုင်)၀၁၈၂၅၇]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာရပ်ကွက်)၊ တော်ဝင်(၂)လမ်း၊ အကွက်အမှတ်(D-167) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)ရှိဒေါ်ခင်ရွှေရည် အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဦးမြတ်မင်းဟိန်း[၁၂/တမန(နိုင်)၁၀၂၅၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးသောင်းဒန်[၁၂/သလန(နိုင်)၀၂၀၁၃၃]နှင့် ဒေါ်ချိုချိုမာ[၁၂/သလန(နိုင်)၀၅၃၄၉၃]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄) ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ(LL.B)** | **ဒေါ်သန္တာဆွေ(LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း(LL.M)** | **ဒေါ်ဝေမာနွယ်(LL.B)** | |
| **(စဉ်-၁၃၂၄၀/၁၇)** | **(စဉ်-၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## ဒေါ်တင်တင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ (၃-၂-၂၀၂၄) ရက်နေ့ ကြေးမုံသတင်းစာစာမျက်နှာ(၁၉)ပါ၊ တရားလွှတ်တော်ရှေ့နေ ဦးတင်လှိုင်၊ ဦးနေနိုင်ဦးနှင့် အထက်တန်းရှေ့နေ ဒေါ်ရည်မွန်ဇော်တို့မှ ဦးမြစိန် [၁၂/တမန(နိုင်)၀၄၄၁၆၇] သိစေရန် ကြေညာခြင်း၊ ကြော်ငြာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်တင်တင်အေး[၁၂/တမန (နိုင်)၀၅၃၇၄၈]၏ လွှဲအပ်ချက်ဖြစ်သော (၃-၂-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာစာမျက်နှာ(၁၉)ကြော်ငြာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဒေါ်တင်တင်အေး၏ တောင်းဆိုချက်များကို ဦးမြစိန် [၁၂/တမန(နိုင်)၀၄၄၁၆၇]နှင့် အမွေဆိုင် အစ်ကို၊ အစ်မ မောင်နှမများမှ လိုက်လျောခဲ့သည့်အတွက် အဆိုပါအမွေပုံခွဲဝေမှုအား ဒေါ်တင်တင်အေးမှ ကျေနပ်သဘောတူလက်ခံပါကြောင်းနှင့် (၃-၂-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၁၉) ကြော်ငြာပါကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်းကို ကြေညာအပ်ပါသည်။ နောက်နောင်တွင်လည်း အမွေထပ်မံခွဲဝေရန်မရှိတော့ပါကြောင်းနှင့် ကျန်အမွေဆိုင် မောင်နှမများရရှိကြသော အမွေပုံအသီးသီးကိုလည်း မိမိအနေဖြင့် စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး**
**[၁၂/တမန(နိုင်)၁၅၃၇၄၈]**
**အမှတ်(၅)၊ အိန္ဒနီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း( မူလ )ခွင့်ပြုရန်ပုံငွေဖြင့် ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းအတွက် လိုအပ်သော လမ်းခင်းပစ္စည်း(ကတ္တရာ)အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်း အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | လျှောက်လွှာစတင်ရောင်းချမည့်နေ့ | - ( ၂၁-၂-၂၀၂၄ )ရက်၊ ( ဗုဒ္ဓဟူးနေ့ ) |
| ( ခ ) | တင်ဒါလျှောက်လွှာပိတ်ရက် | - ( ၅-၃-၂၀၂၄ )ရက်၊ (အင်္ဂါနေ့ ) မွန်းလွဲ(၁၂:၃၀)နာရီ |
| ( ဂ ) | တင်ဒါဖွင့်မည့်ရက် | - (၆-၃-၂၀၂၄ )ရက်၊ (ဗုဒ္ဓဟူးနေ့ ) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်(စီလမ်းဆုံ) |

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း ၀၉-၂၅၀၉၀၂၀၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အောင်မြန်မာလမ်း၊ အိမ်အမှတ်(၁၃/၁၈)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၃၃/၂၂ပေ x အနံ၅၃ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေနှင်းထွန်း[၁၂/သလန(နိုင်)၁၃၁၆၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင်ထွန်း[၈/နမန(နိုင်)၁၂၂၈၆၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ(LL.B)** | **ဒေါ်သန္တာဆွေ(LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း(LL.M)** | **ဒေါ်ဝေမာနွယ်(LL.B)** | |
| **(စဉ်-၁၃၂၄၀/၁၇)** | **(စဉ်-၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## "မောင်သန့်ဇင်ဝင်းထွဋ်[၁၀/မလမ(နိုင်)၂၄၅၈၆၇]အား အမွေဆက်ခံသားသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့နက်ကျေးရွာနေဦးလှမြိုင်[၁၀/မလမ(နိုင်)၁၄၇၂၆၃]နှင့် ဒေါ်ဇာနီမွန်[၁၀/မလမ(နိုင်)၁၄၃၅၄၁] တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးလှမြိုင်နှင့် ဒေါ်ဇာနီမွန်တို့မှ သားသမီး ( ၄ )ဦး မွေးဖွားခဲ့ရာ ယခု ကြေညာချက်ပါ မောင်သန့်ဇင်ဝင်းထွဋ်သည် သားအကြီးဆုံးဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ မိဘများသည် သားကြီးဖြစ်သူ မောင်သန့်ဇင်ဝင်းထွဋ်အား လူတစ်လုံးသူတစ်လုံးဖြစ်ရန်နှင့် လူတော်လူကောင်းတစ်ယောက်ဖြစ်ရန် အစစယုံကြည်ကိုးစားဦးစားပေးခဲ့သော်လည်း မောင်သန့်ဇင်ဝင်းထွဋ်သည် မိဘများ၏စေတနာကို အလွဲသုံးစားပြုသည်သာမက မိဘများ၏ အားထားမျှော်လင့်ချက်ကိုလည်း ထိပါး စော်ကားကာ ကျေးဇူးရှင်မိဘနှစ်ပါးအား စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်စေရန် အမျိုးမျိုးပြုမူ လုပ်ကိုင်ခြင်း၊ မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်းတို့ကြောင့် မိဘနှစ်ပါးမှာ စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်ခဲ့ရကြောင်း ညွှန်ကြားချက်အရသိရပါသည်။

အထူးသဖြင့် မောင်သန့်ဇင်ဝင်းထွဋ်သည် လွန်ခဲ့သော (၈) လခန့်မှစ၍ မိဘနှစ်ပါးအား စိတ်ဆင်းရဲကြီးစွာ ဖြစ်စေရန် ပြောဆိုပြုမူလုပ်ကိုင်ပြီး နောက် မိဘနှစ်ပါး၏ နေအိမ်သို့ အပြီးတိုင်ပြန်မလာတော့ဘဲ အိမ်ပေါ်မှ ဆင်းသွားခဲ့ကြောင်းနှင့် မိဘနှစ်ပါးက ဆက်သွယ်စုံစမ်းသည့်အခါတွင်လည်း လုံးဝစုံစမ်း၍ မရသလို မိဘနှစ်ပါး ညီအစ်ကိုမောင်နှမ ဆွေမျိုးများကိုလည်း သံယောဇဉ်ဖြတ်ကာ လုံးဝအဆက်အသွယ်မလုပ်ခဲ့ကြောင်းကိုလည်း ညွှန်ကြားချက်အရ သိရှိရပါသည်။

မိဘနှစ်ဦးအနေဖြင့် လွန်ခဲ့သော(၈)လခန့်ကပင် မိဘဟူ၍ အသိအမှတ်မပြုဘဲ အဆက်အသွယ် ဖြတ်ကာ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်စေခဲ့သလို၊ မိဘများမကြိုက်သည့် အပြုအမူများကိုလည်းလုပ်ကိုင်ဆောင်ရွက်ကာ နေအိမ်ပေါ်မှ ဆင်းသွားသည့် မောင်သန့်ဇင်ဝင်းထွဋ်အား အမွေစားအမွေခံသားတစ်ဦးအဖြစ်မှ လုံးဝစွန့်ပြစ်လိုက်ပြီးဖြစ်ပါကြောင်းနှင့် မောင်သန့်ဇင်ဝင်းထွဋ်နှင့် သက်ဆိုင်သမျှကိစ္စအဝဝအတွက်ကိုလည်း တစ်စုံတစ်ရာတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေဆွေညွှန့် (LL.B)** | **ဒေါ်အေးခိုင်ဇင် (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၉၇၁)** | **(စဉ်-၁၀၁၂၄)** |
| **ဒေါ်သီတာအေးမြ (LL.B)** | **ဒေါ်အေးမြင့်သန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၇၅၈)** | **(စဉ်- ၅၅၆၈၉)** |

**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ -၂၅၀၃၇၅၅၇၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းမင်းလတ် [၁၂/ဥကမ(နိုင်)၂၁၅၀၁၇]၏ ပတ်စ်ပို့နံပါတ် ME 061592 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၆၃၀၄၉၅၉**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၄ ရပ်ကွက်နေ (ဘ)ဦးကျော်မောင်၏သမီး မထူးဝါကျော်[၁၂/ဒဂဆ(နိုင်)၀၀၇၅၃၂]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၆-၁၉၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ စက်မှု(၅)လမ်း၊ မြေကွက်အမှတ်(၂၅)၊ ဧရိယာ(၁၅၃၅၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် နှင့် အဆောက်အဦများ၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လီဖီလင် (ခ) ဒေါ်မြတ်လွင် [၁၂/ကတတ(နိုင်)၀၂၃၉၉၀]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူက တရားဝင် ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုနန္ဒာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၁၀၅၁၁၃**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ( ၈ )လမ်း၊ အမှတ်(၂၁) နေအိမ်တွင် ကွယ်လွန်ခဲ့သောဖခင်ကြီး ဦးအုန်းတင်၊ မိခင်ကြီး ဒေါ်အေးမြင့်တို့၏ ကျန်ရှိခဲ့သော အမွေပုံပစ္စည်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများနှင့် အများသိရှိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမြင့် [၁၂/အစန (နိုင်)၁၀၇၃၅၂ ] အမှတ် (၂၁)၊ ( ၈ ) လမ်း၊ မြောက်ပိုင်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

အထက်လိပ်စာတွင် နေထိုင်ကွယ်လွန်ခဲ့သော ဖခင်ကြီး ဦးအုန်းတင်နှင့် မိခင်ကြီး ဒေါ်အေးမြင့်တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာမှ သားသမီး (၅) ဦးကို မွေးဖွားခဲ့ရာ ကြီးစဉ်ငယ်လိုက်အားဖြင့် (၁) ဦးမြင့်ဦး (၂) ဒေါ်ဌေးဌေးဝင်း (၃) ဒေါ်သန်းသန်းမြတ် (၄) ဒေါ်သန်းသန်းဝေ (၅) ဒေါ်ဥမ္မာထွေး တို့ဖြစ်ကြပါသည်။

မိခင်ကြီး ဒေါ်အေးမြင့်သည် ( ၁၃-၁-၂၀၀၃ )ရက်နေ့တွင်လည်းကောင်း၊ ဖခင်ကြီး ဦးအုန်းတင်သည် ( ၂၈-၁၂-၂၀၂၂ ) ရက်နေ့တွင်လည်းကောင်း၊ ဖော်ပြပါနေအိမ် လိပ်စာ၌ပင် အသီးသီး ကွယ်လွန်အနိစ္စရောက်ခဲ့ရာ မိဘ (၂)ပါး ကွယ်လွန်ပြီးနောက် အောက်ပါ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် အမွေပုံပစ္စည်းများအဖြစ် ကျန်ရှိခဲ့ပါသည်။

(၁) အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ( ၈ ) လမ်း(မြောက်)၊ အမှတ် (၂၁) ဖြစ်သော (၅၀ပေ x ၇၀ပေ)ရှိနှစ် (၆၀) ဂရန်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
(၂) အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ( ၈ ) လမ်း(မြောက်)၊ အမှတ် (၆၂၀-က) ဖြစ်သော ( ၂၅ပေ x ၇၀ပေ)ရှိ မြေကွက်အပါအဝင် တိုက်ဆောက်လုပ်ထားသည့် ခေါင်းရင်းခန်း (၃)ခန်း နှင့်ခြေရင်းခန်း (၂)ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
(၃) အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၈)လမ်း(တောင်)၊ အမှတ်(၆၀၃-ဘီ) ဖြစ်သော ( ၁၅ပေx၁၀၀ပေ)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
(၄) အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၈)လမ်း(တောင်)၊ အမှတ်(၆၀၃-စီ)ဖြစ်သော (၃၃ပေx၁၀၀ပေ)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ရွှေထည်ပစ္စည်းအချို့ ကျန်ရှိခဲ့ပါသည်။

ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူ မောင်နှံစုံမွေး သားသမီးများအနေဖြင့် မိဘများကျန်ရစ်သော အမွေပုံပစ္စည်းအပေါ်တွင် တစ်စုံတစ်ရာ ခွဲဝေရယူမှု လုံးဝမပြုရသေးပါ။

ထို့ကြောင့် ဖော်ပြပါ အမွေပုံပစ္စည်းဖြစ်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ကျန်ရစ်သူသားသမီး ( ၅ )ဦးစုံညီ အတိအလင်း သဘောတူညီမှုမပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်းတို့ကို လုံးဝ မပြုလုပ်ကြပါရန်နှင့် ကျန်ရစ်သူအမွေဆိုင် သားသမီး ( ၅ ) ဦးအနေဖြင့်လည်း (၁၄)ရက်အတွင်း ညီအစ်ကိုမောင်နှမစုံလင်စွာ တွေ့ဆုံညှိနှိုင်းပြီး သွေးသားရင်းချာ ညီအစ်ကိုမောင်နှမများ၏ သံယောဇဉ်ဖြင့် အညီအမျှ ခွဲဝေရယူကြရေးအတွက် ကျွန်ုပ်တို့အားညွှန်ကြားသူ ဒေါ်သန်းသန်းမြင့်အားလည်းကောင်း (သို့မဟုတ်)ကျွန်ုပ်တို့အားလည်းကောင်း တွေ့ဆုံညှိနှိုင်း ဆက်သွယ်လုပ်ကိုင်ကြပါရန် ဤကြော်ငြာချက်ဖြင့် အသိပေးတောင်းဆိုလိုက်ပါသည်။

တောင်းဆိုချက်အား ကျန်ညီအစ်ကိုမောင်နှမများက လိုက်နာဆောင်ရွက် ညှိနှိုင်းလုပ်ကိုင်ကြခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေက မိမိ၏ရသင့်ရထိုက်သော အခွင့်အရေးအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ညွှန်ကြားချက်အရ တစ်ပါတည်း သိစေအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထွန်းအေး (B.A, R.L )** | **ဒေါ်ဆွေဆွေညွှန့် ( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၁)** |
| **ဒေါ်အေးခိုင်ဇင် (LL.B, D.B.L, D.I.L)** | **ဒေါ်သီတာအေးမြ ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၅၈)** |

**ဒေါ်အေးမြင့်သန်း ( LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၆၈၉)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၂၅၀၃၇၅၅၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၆၊ မြေကွက်အမှတ် – ၄၃၇၊ ဧရိယာ (၀.၀၅၅) ဧကအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခြေရင်းခြမ်း အကျယ် (၂၀ x ၆၀)ပေ၊ မြေအမျိုးအစား – နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၄၃၇)၊ ကန်တော်မင်္ဂလာလမ်း၊ ၃၆–ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးသန်းရွှေ [၁၂/အစန (နိုင်) ၀၂၃၆၈၃] (TPN – ၀၀၁၃၁၉) [၎င်းကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် – ၂၆၁၃၈/၂၀၂၃ (၂၉–၁၁–၂၀၂၃) ရရှိသူ ဒေါ်တင်တင်ချို [၁၂/သဃက(နိုင်)၀၂၀၃၆၇] က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၃–၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အတွင်း (**၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ**အတွက် လိုအပ်သော)ဒီဇယ်ဆီ(High Speed Diesel)ကို **မြန်မာကျပ်ငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **၇–၃–၂၀၂၄ရက်နေ့ (၁၃:၀၀)နာရီ** နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင် မြို့နယ်တွင် (၂၂–၂–၂၀၂၄)ရက်နေ့မှ စ၍ (၅–၃–၂၀၂၄) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁–၈၆၁၀၂၃၀ နှင့် ၀၁–၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးကျော် [၁၂/ကတန(နိုင်)၁၄၀၁၀၁]၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၁၄၁၇၃၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်သက် [၁၂/လသယ(နိုင်) ၀၇၆၁၉၁]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၅၄၇၈၃၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ တိုက် (၁၁)၊ အခန်း (ခြေရင်း)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၅ ပေ x၂၅ ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဝင်း [၁၂/လသန (နိုင်) ၀၁၉၀၄၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မလမိုင်တောမ်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၂၂၀၁ )**
**အမှတ် (၂၃၁)၊ ၄ဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၃၅၆၆၃၁၅**


"First Choice Asia Travel Company Limited"
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေငြာခြင်းနှင့် ရရန်ရှိသည့် အကြွေးများ တောင်းခံရန် အသိပေးခြင်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်၊ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီကိုဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိုးနိုင် (B.Com, C.P.A, Dip in IFR) (၁၂/ဥကမ(နိုင်)၀၄၆၄၅၀) အား ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၁–၃–၂၀၂၄) ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြှင့်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

U Aung Min Khant
Managing Director
First Choice Asia Travel
Company Limited

ဦးစိုးနိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com, C.P.A, Dip in IFR
အမှတ် (၄၆၄/က)၊ ၁၀/၃၄–ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။


## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၇၂

**ဦးလှနိုင်** နှင့် **၁။ ဒေါ်ဝင်းသီရိဦး**
**၂။ ဦးကျော်ငွေ**
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ တိုက်(၂)၊ အခန်း(၀၀၆)နေ အမှတ်(၂)တရားပြိုင် ဦးကျော်ငွေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်နေအိမ်အား မှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်၊ [၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၅)ရက်]နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၃၈၊ ဦးပိုင်အမှတ် (၁၀)/ ၄၂ x ၄၃ ကြား၊ ၅၃ x ၅၄ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမော်မော်မြိုင်[၉/မရတ(နိုင်) ၀၅၇၇၁၃]၊ ဦးကျော်ဇော[၉/မရမ (နိုင်) ၀၅၉၂၈၄]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၅၄/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာရွှယ် [၁/ဗမန(နိုင်) ၀၄၅၈၀၄] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ အမှတ်(၁၀၆/ဘီ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၄)ထပ်ခွဲ ကန်ထရိုက်အဆောက်အဦ၏ ဘယ်ဘက်ခြမ်း(ပဉ္စမထပ်)၊ အကျယ်အဝန်း (အလျား၂၂ပေ x အနံ၄၉ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မြဦး [၁၂/လမန(နိုင်)၁၁၆၉၂၃] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးစရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းနိုင်လတ်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၄၄၂၀၁၇၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၈၀/E)နေ ဦးတင့်ဖြိုး [၁၂/ဗဟန (နိုင်) ၀၉၀၅၇၉] နှင့် (ဒေါ်ရင်စော) [၁၂/ဗဟန(နိုင်)၀၉၀၅၈၀] တို့၏ သားသမီး (၄)ဦးအနက် တတိယမြောက်သမီးဖြစ်သူ မအိန္ဒြေဖြိုး [၁၂/ဗဟန (နိုင်) ၀၉၁၉၂၃] သည် ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မအိန္ဒြေဖြိုးနှင့် ပတ်သက်ဆက်နွှယ်သော စီးပွားရေးအရှုပ်အရှင်း၊ ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မအိန္ဒြေဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးတင့်ဖြိုး**
**[၁၂/ဗဟန (နိုင်) ၀၉၀၅၇၉]**

## ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်(၄၉)လမ်းထောင့် အမှတ်–(၉၁/၉၃)နေ ဦးရဲကျော်သိန်း [၁၂/ရကန(နိုင်) ၀၅၀၂၅၅] နှင့်တကွ COMPU TECH COMPUTER TRAINING & SERVICING CO., LTD အား ဝန်ချတောင်းပန်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကျွန်တော် ဦးအောင်ကျော်ဝင်း (ဘ) ဦးကျော်ဝင်း [၁၂/ဒဂရ (ဧည့်) ၀၀၀၀၀၁ ] နှင့် ဒေါ်စီစီနိုင် (ဘ) ဦးညွန့်နိုင်[၁၂/ပဘတ(နိုင်) ၀၁၉၃၇၇] ကိုင်ဆောင်သူ အမှတ် – (၁၁၆/၁၁၈) မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူက အောက်ပါအတိုင်း ဝန်ချတောင်းပန်အပ်ပါသည်–

၂။ ကျွန်တော်သည် အထက်ဖော်ပြပါလိပ်စာတွင် “COMPUTECH”အမည်ဖြင့်ပင် LAPTOP AND MOBILE SHOWROOM SERVICE CENTER အား ၂၀၂၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်လုပ်ကိုင်မိခဲ့ပါသည်။

၃။ ထို “COMPU TECH COMPUTER TRAINING & SERVICING CO., LTD” အမည်အား လူကြီးမင်း ဦးရဲကျော်သိန်းမှ တရားဝင် မှတ်ပုံတင်၍ ဖွင့်လှစ်လုပ်ကိုင်နေသည်ကို သဘောရိုးဖြင့် သိရှိခြင်းမရှိဘဲ အဆိုပါ “COMPUTECH” အမည်အား ကျွန်တော်မှ ဆိုင်ဖွင့်၍ လုပ်ကိုင်မိခဲ့ပါသည်။

၄။ ထိုသို့ ကျွန်တော်၏ လုပ်ဆောင်မှုများကြောင့် “COMPU TECH COMPUTER TRAINING & SERVICING CO., LTD” အမည်အား တရားဝင်မှတ်ပုံတင်၍ ဖွင့်လှစ်လုပ်ကိုင်နေသော ဦးရဲကျော်သိန်းအနေဖြင့် ကိုယ်၊ စိတ်၊ ဂုဏ်သိက္ခာသည် လူမှုပတ်ဝန်းကျင်နှင့် Client များကြားတွင် များစွာထိခိုက်နစ်နာစေခဲ့ပါသဖြင့် ကျွန်တော်မသိ၍ ပြုလုပ်ခဲ့သော “COMPUTECH” အမည်ဖြင့် အသုံးပြုလျက်ရှိသော ဆိုင်းဘုတ်၊ Invoice၊ Page အစရှိသည်တို့ကို ယခုကြေညာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ရုပ်သိမ်းပယ်ဖျက်ပေးမည်ဖြစ်ကြောင်းနှင့် “COMPUTECH” အမည်တူ အမှားကို ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်၍ နောက်နောင် ယခုကဲ့သို့ဖြစ်ရပ်မျိုး ထပ်မံဖြစ်ပေါ်ခဲ့လျှင် ကျွန်တော်၏တာဝန်သာဖြစ်ပါကြောင်းနှင့် ကျွန်တော်ဖွင့်လှစ်အသုံးပြုထားသော “COMPUTECH” အမည်အား ရုပ်သိမ်း ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ၍ ဦးရဲကျော်သိန်းနှင့်တကွ “COMPU TECH COMPUTER TRAINING & SERVICING CO.,LTD” တို့အား ဝန်ချတောင်းပန်အပ်ပါသည်။

**ဦးအောင်ကျော်ဝင်း [၁၂/ဒဂရ(ဧည့်)၀၀၀၀၀၁]** **ဒေါ်စီစီနိုင် [၁၂/ပဘတ(နိုင်) ၀၁၉၃၇၇]**

**အမှတ် – (၁၁၆/၁၁၈)၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(က)ရပ်ကွက် ၊ဇေယျာသုခလမ်း၊ အမှတ်(၁၅၈) နေ ဦးတင်ဝင်း[၁၂/သဃက(နိုင်)၂၁၃၉၁၄] သည် ဖော်ပြပါအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိလုပ်ငန်းအမှတ်တံဆိပ်၏ မူပိုင်ရှင်အဖြစ် စာချုပ်အမှတ်စဉ်(၇၄၄/၂၀၂၄)၊ (၂၃-၁-၂၀၂၄) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆောက်လုပ်ရေးနှင့် အိမ်အတွင်း/အပြင်အလှဆင်ခြင်း၊ ပြုပြင်၊ မွမ်းမံခြင်းလုပ်ငန်း၊ အိမ်ဆောက်ပစ္စည်းဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းအမျိုးမျိုးတို့ကို ဆိုင်ခန်း၊ ရုံးခန်းများဖွင့်လှစ်၍ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ပြီး၊ မိမိလုပ်ငန်းကိစ္စအဝဝတို့တွင် မိမိတံဆိပ်အမည် အမှတ်အသားကို အရွယ်အစား၊ အရောင်၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလုပ်လျက်ရှိပါသဖြင့် အဆိုပါအမှတ်တံဆိပ်အား မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်အသုံးပြုခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းများမပြုလုပ်ကြရန်နှင့် မိုငြမ်းတုပသုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သူဇာအောင် LL.B, D.B.L, D.I.L, WIPO (G.C.I.P Switzerland )**
**(စဉ်-၁၁၈၇၉/၁၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်ပြုံးလှိုင် LL.B**
**(စဉ်-၄၉၂၉၉/၁၇)**
**အထက်တန်းရှေ့နေ**

**အိမ်အမှတ်- ၁၆၃၊ ဘုရင့်နောင် ( ၁၇ )လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၂၀၀၀၉၉၃၇၊ ၀၉-၇၆၄၂၀၆၁၂၃**

## ကြော်ငြာစာ

ကျွန်တော်များ Mi Ba Gone Shein Company Limited ၏ ဒါရိုက်တာအဖွဲ့ဝင်များမှ အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သန်း(၁၀၀) မှ ကျပ်သန်း(၄၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Mi Ba Gone Shein Company Limited**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်–မ–၃၃၊ ဦးပိုင်အမှတ်(၈၃)/၄၂ လမ်း၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးအောင်မင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်–၅၆/၂၀၁၂ ဖြင့် ဝယ်ယူခဲ့သူ ဦးဟန်ရှိန်[၁၃/လရန(နိုင်)၀၅၄၂၄၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၆/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ထူးနန္ဒာဝင့်[၉/ခအဇ(ပြု)၀၀၀၁၆၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "မအက်စတာဆွီသဲသိစေရန်ကြော်ငြာခြင်း"

တရားလိုဖြစ်သူ ကို Khai Bil သည် မ Esther Sui Te နှင့် သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် တရားဝင်ကွာရှင်းနိုင်ရန် အမေရိကန်ပြည်ထောင်စု၊ မာရီလန်ပြည်နယ်၊ Anne Arundel ကောင်တီတရားရုံးတွင် အမှုနံပါတ်- C-02-FM-23-004312 ဖြင့် တရားစွဲဆိုအမှုဖွင့်ထားပါသည်။ သို့ဖြစ်ပါ၍ မ Esther Sui Te အနေဖြင့် တရားရင်ဆိုင်ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့် (၂၀. ၂. ၂၀၂၄) နေ့မှ ရက်(၉၀)အတွင်း တရားရုံးတော်သို့ မြန်မာပြည်ရှိ အမေရိကန်သံရုံးမှတဆင့် ကန့်ကွက်လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်လျှောက်ထားမှု မရှိပါက တရားလို၏ ကွာရှင်းပြတ်ဆဲခြင်းအမှုကို တရားဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးယုယ(ခ)ဦးသန်းနိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၃၀)

ရုံး-မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ ရန်ကုန်။ဖုန်း-၀၉ ၄၂၈ ၂၀၀၈၀၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ် (၄၈၆)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမောင်သိန်း(DI– ၀၅၉၁၅၁)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးညွန့်ဝင်း [၇/ပတန(နိုင်)၀၇၅၄၃၁]**သည် "**နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်**"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **(စဉ်–၁၁၄၀၆)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်စုစုလှိုင်(LL.B)** **(စဉ်–၅၅၅၆၃)** **အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကုန်အမှတ်တံဆိပ်ဆိုင်ရာကြေညာချက်

Z S BEAUTY COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်–123782003) အမှတ် (၈/ဘီ)၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် အောက်ပါကုန်အမှတ် တံဆိပ်အား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၇–၂–၂၀၂၄ ရက်နေ့ ဝန်ခံမြွက်ဟကြေညာ စာချုပ်မှတ်ပုံတင်အမှတ်–၁၁၄၁/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်းကာ ယင်းကုန်အမှတ်တံဆိပ်ဖြင့် Nice Classification Class.5 ဝင် အမျိုးသမီးများကျန်းမာရေးနှင့် သန့်စင်ရေးသုံးပစ္စည်းအမျိုးမျိုး၊pH Balanced Formular (pH ချိန်ညှိပေးသောဖော်မြူလာ) ပါ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည် –

KRYSTAL GLOW

Australia

pH balanced formula

သို့ပါ၍ ယင်းအသိဉာဏ်ပစ္စည်းနှင့်စပ်လျဉ်း၍ လိမ်လည်အသုံးပြုခြင်း၊ အတုပြုခြင်း၊ ပစ္စည်း တံဆိပ်လိမ်ကိုသုံးစွဲခြင်းနှင့် ယင်းသို့ပြုသည်ကို အားပေးကူညီခြင်းတို့မပြုမူကြရန် သတိပေးတားမြစ်ပြီး မလိုက်နာက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ညွှန်ကြားချက်အရ–**

**ဦးခင်မောင်မြင့် B.A.(Law), LL.B., DL Graduate(WIPO–Switzerland),Advocate (No.2269/22–7–1982).**

**MAC Tower, # ၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း (၃၅ လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၃၅)၊ (၃)လွှာနေ ဒေါ်အေးအေး [၁၂/စခန(နိုင်)၀၅၃၉၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်(၄၄)၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉/စီ၊ မြေကွက်အမှတ်(၆၈)သည် ဒေါ်ခင်ခင်စိန်အမည်ပေါက်ဖြစ်ပါသည်။ ဖခင် ဦးခင်မောင်တူးသည် (၄-၄-၁၉၈၆)နေ့တွင်လည်းကောင်း၊ မိခင် ဒေါ်ခင်ခင်စိန်သည် (၆-၁၂-၂၀၁၅)နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ဖခင် ဦးခင်မောင်တူးနှင့် မိခင် ဒေါ်ခင်ခင်စိန် [၁၂/စခန(နိုင်)၀၄၅၇၅၃]တွင် ဒေါ်အေးအေး [၁၂/စခန(နိုင်)၀၅၃၉၉၈]နှင့် မောင်ငယ် ဦးလှမြင့် [၁၂/စခန(နိုင်)၀၄၆၀၆၇]တို့နှစ်ဦးသာ မွေးဖွားခဲ့ပါသည်။ ယခုအခါ အထက်ပါမြေနှင့်အိမ်တွင် မောင်ငယ်ဖြစ်သူ ဦးလှမြင့် [၁၂/စခန(နိုင်)၀၄၆၀၆၇]သည် နေထိုင်လျက်ရှိပါသည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မောင်နှမနှစ်ဦးပိုင်ဆိုင်သော အထက်ပါ မြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေး၏ သဘောတူညီမှုမရှိဘဲ မည်သူမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ငှားရမ်း၊ ပေးကမ်း၊ အာမခံတင်သွင်းခြင်း၊ ကန်ထရိုက်အဆောက်အဦဆောက်လုပ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခြင်း မပြုနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်အေးအေး**
**[၁၂/စခန(နိုင်)၀၅၃၉၉၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း(စဉ်-၂၇၅၄/၃၁-၈-၁၉၈၄)**
**B.Sc, H.G.P, R.L, D.B.L,**
**D.M.L, D.I.L, M.Dev.S**
**တရားလွှတ်တော်ရှေ့နေနှင့်**
**နိုတြီပဗ္ဗလစ်**
**အမှတ်(၂၅)၊ ၃၅ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၀၂၉၁၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ် (၁)လမ်း၊ အိမ်အမှတ် (၁၀၇၁)ရှိ (၁၀x၆၀)ပေ မြေနှင့်အိမ်အပါအဝင် ၎င်းနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးသန်းဌွေး [၁၂/ဗဟန(နိုင်)၀၅၃၁၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မီမီဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ် - ၃၉၀၃၃)**
**အမှတ်(၃၂)၊ မြတ်လေးလမ်း၊ (၂၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၄၄၉၇၇၄၄၇၊ ၀၉-၇၉၅၈၅၃၆၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်- 26-C1၊ မြေကွက်အမှတ်- ၃/အေ၊ ဧရိယာ (၀.၀၁၄)ဧက၊ မြေကွက်တည်နေရာ-အမှတ်-၆၊ ဈေးကြီးလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်၊ ဦးစိုးလွင် [၁၂/လမတ(နိုင်)၀၀၉၂၃၈]၊ ဒေါ်ကြီးမြင့် [၁၂/ကမတ(နိုင်)၀၅၄၀၆၈]၊ ဦးတင့်ဇော် [၁၂/ကမတ(နိုင်)၀၄၅၀၂၄] အမည်ပေါက်၊ ဂရန်ရှိ မြေပိုင်မြေကွက်ဖြစ်ပါသည်။ ယင်းမြေအား အမည်ပေါက် (၃)ဦးအနက်မှ (ဖခင်) ဦးစိုးလွင်သည် (၁၃-၇-၂၀၂၁)ရက်နေ့၊ (မိခင်) ဒေါ်ကြီးမြင့်သည် (၁၇-၆-၂၀၁၄)ရက်နေ့တို့တွင် ကွယ်လွန်ကြောင်း၊ ကွယ်လွန်သူဖခင်၊ မိခင်တို့က ကျမ်းကျိန်ဆိုသူ ၎င်းတို့မောင်နှမ(၃)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားအမွေစားအမွေခံ ကိတ္တိမသားသမီးများ မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘတို့ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့်အစုကို ၎င်းတို့မောင်နှမ(၃)ဦးမှ အမွေဆက်ခံကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးချစ်မိုးလွင် [၁၂/ကမတ(နိုင်)၀၅၄၉၃၆]၊ ဦးချစ်ဖြိုးလွင် [၁၂/ကမတ(နိုင်)၀၅၉၈၉၃]နှင့် ဒေါ်ထူးထူးလွင် [၁၂/ကမတ(နိုင်)၀၆၄၇၃၉]တို့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၂၉၂၇/၂၀၂၃(၂၈-၈-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ဦးချစ်ဖြိုးလွင်နှင့် ဒေါ်ထူးထူးလွင်တို့ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၅၇၄၆/၂၀၂၁ (၁၇-၉-၂၀၂၁)ဖြင့် GP ရသူ ဒေါ်မေစန္ဒာအောင် [၁၂/သဃက(နိုင်) ၀၅၆၀၇၂]က GP ၊ GP ပေးသူသည် ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် GP ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဒေါ်မေစန္ဒာအောင်၊ ဦးချစ်မိုးလွင်တို့က ပူးတွဲအမည်ပေါက် ဦးတင့်ဇော်နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄၊ မြေကွက်အမှတ် ၁၃၇၁(က)၊ မြေကွက်တည်နေရာအမှတ်- ၁၃၇၁(က)၊ ရွှေယင်းမာလမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးဝင်းမောင် [၁၂/ပဇတ(နိုင်)၀၂၅၇၁၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဝင်းမောင်အား တရားပြိုင်ထားကာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၇၈/၂၀၂၂ ဒေါ်ငြိမ်းငြိမ်းအေးမှ တရားလိုပြုလုပ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၁၂-၈-၂၀၂၂)ခုနှစ်တွင် ချမှတ်သည့် အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၂၅၄/၂၂ ၏ နေ့စဉ်မှတ်တမ်း၊ (၈-၈-၂၀၂၃) တွင် ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ (၁၇-၈-၂၀၂၃)ရက်စွဲပါစာအမှတ်- ၈၅၂/၅-၁/၂၀၂၃ ၏ ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်ခင်ရူပလှိုင် [၇/ရကန(နိုင်)၀၆၂၂၆၄]မှ နှစ်(၆၀) မြေငှားဂရန်စာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်ညှပ်အဆောက်အဦ(၁)လုံးရှိပြီး ကိုယ်တိုင်မနေ၊ အိမ်ငှားထားရှိ၍ တရားနိုင် ဒေါ်ငြိမ်းငြိမ်းအေး၊ အိမ်ငှား ဦးပါလူး၏သမီး မသန္တာဝင်းတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်ခင်ရူပလှိုင်၏ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ယဉ်ယဉ်ချို [၁၂/ပဘတ (နိုင်) ၀၁၈၃၁၃] နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်း (၂၀)၊ အမှတ်- ၁၃၅ နေ မမေဇင် [၁၂/လသန(နိုင်)၀၂၀၅၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ မမေဇင်သည် ဒေါ်ယဉ်ယဉ်ချို၏သားဖြစ်သူ ကိုတာရာလွင်နှင့် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးဖြစ်သူ မလမင်းမေအား မွေးဖွားခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူ ကိုတာရာလွင်သည် (၇-၁၂-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

၂။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ ခင်ပွန်းဖြစ်သူ ကိုတာရာလွင်၏ဇနီးဖြစ်သူ ကျွန်ုပ်၏အမှုသည် မမေဇင် နှင့် သမီးဖြစ်သူ မလမင်းမေတို့အနေဖြင့်

(က) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့ နယ်၊ (၈) ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၃၁၁ (မြေညီထပ်) နေအိမ်တိုက်ခန်း တစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ခ) ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ်-၁၇/၄လွှာ (တတိယထပ်) တိုက်ခန်းတစ်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခွင့် အပြည့်အဝရရှိသော အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် မမေဇင်နှင့် သမီး လမင်းမေတို့၏ အတိအလင်း သဘောတူသိရှိခြင်းမရှိဘဲ အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အထက်ဖော်ပြပါအပိုဒ်- ၂(က)(ခ) စာရင်း၌ ဖော်ပြထားသောပစ္စည်းများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် အတိအလင်း သတိပေး တားမြစ်အပ်ပါသည်။

၄။ ဤသို့ အတိအလင်းသတိပေးတားမြစ်ထားပါလျက် လိုက်နာခြင်းမရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူနှင့် အားပေးကူညီသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တိကျပြတ်သားစွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ပေးသူ**
**မမေဇင်**
**[၁၂/လသန(နိုင်)၀၂၀၅၇၂]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စင်ထရယ် ဦးခင်မောင်မြင့်**
**LL.B, Diploma in Business Law ; Advocate**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၃၂/၁၉၈၅)**
**အမှတ် (၂၀)၊ (၆-လွှာ/A)၊ မြို့သစ်(၁)လမ်း၊**
**ကျောက်မြောင်းအရှေ့ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**H.P- ၀၉-၅၁၅၀၄၀၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ (၃) ရပ်ကွက်၊ (၁၂)လုံးတန်း၊ ပထမထပ်၊ တိုက်အမှတ် (၂၁၇)၊ အခန်းအမှတ်(၁၅)၊ (၅၀၀) စတုရန်းပေခန့်အကျယ်ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်လေးနန္ဒာ[၁၂/မရက(နိုင်)၀၀၂၆၇၇]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာမိုး [၁/မကန(နိုင်)၀၀၃၂၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## လုပ်ငန်းအမှတ်တံဆိပ်နှင့်အမည်စာတမ်းအမှတ်အသားအား အသိပေးကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်း၊ အမှတ်-၈၃ တွင်တည်ရှိသော ကန်စွန်းအင်းဝန်ဆောင်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားကိုကုမ္ပဏီပိုင်အဖြစ် တရားဝင်အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်သွင်းထားပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားရာ သတ်မှတ်ချက်နှင့်အညီ ပြည့်စုံသော အမှတ်တံဆိပ်အမှတ်အသားဖြစ်သည့်အတွက်လျှောက်ထားချက်အားလက်ခံထားပြီးဖြစ်ပါသည်-

ကန်စွန်းအင်းပညာရေးဝန်ဆောင်မှု

မှတ်ပုံတင်စာချုပ်အမှတ်-
၄/၁၀၈၉၁/၂၀၂၃

IPD-Reg No.
T/2024/000430

အထက်တွင်ကပ်နိုင်ဖော်ပြထားသည့် အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားဖြင့် ကန်စွန်းအင်းဝန်ဆောင်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်၏လုပ်ငန်းများထဲမှ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတည်ထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ အမျိုးသမီးကျောင်းသူများအတွက်အိမ်တွင်းမှုသင်တန်း၊ နွေရာသီကျောင်းပိတ်ရက် ပညာရေးဖွံ့ဖြိုးမှုသင်တန်း၊ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးမှုသင်တန်း၊ နိုင်ငံခြားဘာသာရပ်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့်ဆက်သွယ်၍ ပညာရေးဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်များ၊ ကျောင်းများနှင့်ကွန်ရက်ချိတ်ဆက်အသုံးပြုသင်ကြားသောပညာရေးဝန်ဆောင်မှုလုပ်ငန်းများအပြင် ဆက်စပ်လျက်ရှိသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းကိစ္စအဝဝတို့ကို ကုမ္ပဏီပိုင်တံဆိပ်အမည်စာတမ်းအမှတ်အသားအဖြစ် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍သော်လည်းကောင်းသုံးစွဲသွားမည်ဖြစ်ပါသည်။ အကယ်၍ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်ကန့်ကွက်နိုင်ပါကြောင်းနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားကို ကုမ္ပဏီမှတပါးအခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ မိုင်မိုးတုပအသုံးပြုပါက ဥပဒေနှင့်အညီတရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးတင်နိုင် (မြိတ်) တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၄)
B.A.,H.G.P.,R.L.,D.B.L.,D.M.L.,D.I.L.,D.I.R
အမှတ်(၇၂)၊ အခန်းအမှတ်(၈-ဘီ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၅၁၂၆၄၀၅ /၀၉ ၇၉၄၄၁၁၀၅၁

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၁)နေ ဒေါ်မူမူသွေး (ဘ) ဦးဝင်းစိန် [၁၂/သလန (နိုင်) ၀၀၈၈၉၁]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၂၂၉၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဆ၊ မြေကွက်အမှတ်- ၁၇၅/အေ ၁-ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၁၇၅/အေ ၁-ခ)၊ သုနန္ဒာလမ်း၊ (ဆ) ရပ်ကွက်၊ ဦးစိုးနိုင် [၁၂/ဥကမ(နိုင်) ၀၁၂၅၀၂]၊ ဒေါ်တင်ရီ [၁၂/ဥကမ(နိုင်) ၀၁၂၅၀၀] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် တစ်ဦးဖြစ်သူ ဦးစိုးနိုင်(ခင်ပွန်း)သည် (၂၇-၆-၂၀၀၈)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ကျန်အမည်ပေါက် ဒေါ်တင်ရီမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၁၀၃/၂၀၂၃/၂၆-၉-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၃၅)နေ ဒေါ်သိင်္ဂီ [၁၄/ဝခမ(နိုင်) ၂၂၀၃၄၄]၏ မိခင်ဖြစ်သူ ဒေါ်စီစီလှ [၁၄/ဝခမ(နိုင်) ၁၀၄၇၃၃] နှင့် ဒေါ်စီစီလှမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၅၇၉/က)၊ အကျယ်(၂၀x၆၀)ပေရှိ (ပါမစ်)မြေကွက်ရှိ အိမ်နှင့်မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဒေါ်နယ်[၁၂/မဂတ(နိုင်)၀၃၃၇၅၁]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့် [၁၂/မရက(နိုင်)၁၂၇၄၉၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၅၆၂၇၈)**
**အမှတ်(၁/၅၆၃)၊ (၂)လမ်း၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့နယ်။**
**ဖုန်း-၀၉-၄၂၃၆၉၃၅၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁၆၅၇)၊ ပြည်ထောင်စုလမ်း၊ အနံ ၁၉ ပေx အလျား ၅၄ ပေရှိသော မီနီကွန်ဒို တိုက်ခန်း ၊ပထမထပ် (ခြေရင်းခန်း)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေကံလင်း [၁၂/လမတ(နိုင်)၀၂၇၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မီနီကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော့ရွှေခိုင် (LL.B, DBL, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၂၁၀)**
**Ph- ၀၉-၇၇၇၂၈၀၈၀**
**အမှတ်(၈၈)၊ ထန်းတပင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်သက်

**ညွှန်ကြားရေးမှူး**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်ကြီး သန်းညွန့်၊ တပ်မတော်လေ) - ဒေါ်မြသွင် (စက်မှု-၁၊ ငြိမ်း)တို့၏သား၊ (ဦးစောငြိမ်း-ဒေါ်ခင်အေးကြည်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကလျာအေး၏ ခင်ပွန်း၊ မောင်အဋ္ဌ(ခေတ္တ-UK)၏ ဖခင်ဖြစ်သူ ဦးကျော်သက် သည် ၂၀-၂-၂၀၂၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၅၈နာရီတွင် ဂရန်းဟန်သာ (Grand Hantha International Hospital) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်သက်

**ညွှန်ကြားရေးမှူး**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်ကြီး သန်းညွန့်၊ တပ်မတော်လေ) - ဒေါ်မြသွင် (စက်မှု-၁၊ ငြိမ်း) တို့၏သား၊ (ဦးစောငြိမ်း-ဒေါ်ခင်အေးကြည်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကလျာအေး၏ ခင်ပွန်း၊ မောင်အဋ္ဌ(ခေတ္တ-UK)၏ ဖခင်ဖြစ်သူ ဦးကျော်သက် သည် ၂၀-၂-၂၀၂၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၅၈နာရီတွင် ဂရန်းဟန်သာ (Grand Hantha International Hospital) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်နှင့်ဇနီး မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်သက်

**ညွှန်ကြားရေးမှူး**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်ကြီး သန်းညွန့်၊ တပ်မတော်လေ) - ဒေါ်မြသွင် (စက်မှု-၁၊ ငြိမ်း) တို့၏သား၊ (ဦးစောငြိမ်း-ဒေါ်ခင်အေးကြည်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကလျာအေး၏ ခင်ပွန်း၊ မောင်အဋ္ဌ(ခေတ္တ-UK)၏ ဖခင်ဖြစ်သူ ဦးကျော်သက် သည် ၂၀-၂-၂၀၂၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၅၈နာရီတွင် ဂရန်းဟန်သာ (Grand Hantha International Hospital) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ဦးငွေရ (ခ) ပုဏ္ဏက

**အသက် (၈၁)နှစ်**

**နာယက- မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း**

(ဦးအောင်သန်း-ဒေါ်စော)တို့၏ သား၊ (ဒေါ်ညွန့်မေ)၏ ခင်ပွန်း ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ လမ်း(၉၀)၊ အမှတ် (၁၀)၊ သုံးလွှာ(အေ)နေ ဦးငွေရသည် ၁၇-၂-၂၀၂၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မြို့မမိသားစုများ သိစေအပ်ပါသည်။

**အမှုဆောင်များ**
**မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ် (၉၇)စမ်းကြီး၊ ဦးပိုင်အမှတ် ( ၄၁/ဆ )၊ ဧရိယာ (၀.၂၄ )ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် ဦးနိုင်အောင်ချမ်းအမည်ဖြင့် အမည်ပြောင်း အမိန့်ရရှိထားပြီး ဖခင်ဖြစ်သူ ဦးနိုင်အောင်ချမ်းနှင့် မိခင်ဖြစ်သူဒေါ်ထွေးရီတို့ ကွယ်လွန်သွားပြီးနောက် သားသမီးများဖြစ်ကြသော (၁) ဒေါ်ချောကလျာအောင်၊ (၂)ဦးစည်သူအောင် တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာစာချုပ်အမှတ် (၃၆၇/၂၀၂၂)နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၃၆၈/၂၀၂၂)တို့အရ ပိုင်ဆိုင်ခဲ့ပြီး (၁) ဒေါ်ချောကလျာအောင်၊ (၂) ဦးစည်သူအောင်တို့ထံမှ (၁) ဦးညီညီထွန်း [၇/ညလပ(နိုင်)၁၀၀၆၀၁]နှင့် (၂) ဒေါ်ဖြိုးရွှေရည်သိန်း [၁၀/မလမ(နိုင်)၂၃၅၁၃၉]ကိုင်ဆောင်သူတို့က မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်- ၄၁၉/၂၀၂၃ အရ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ယခုအခါ ဦးညီညီထွန်းနှင့် ဒေါ်ဖြိုးရွှေရည်သိန်းတို့က ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

---

## ဦးကျော်သက်

**ညွှန်ကြားရေးမှူး**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်ကြီးသန်းညွန့်)(တပ်မတော်-လေ)-ဒေါ်မြသွင် (စက်မှု-၁၊ ငြိမ်း) တို့၏သား၊ (ဦးစောငြိမ်း-ဒေါ်ခင်အေးကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကလျာအေး ၏ခင်ပွန်း၊ မောင်အဋ္ဌ(ခေတ္တ-UK)၏ ဖခင်ဖြစ်သူ ဦးကျော်သက် သည် ၂၀-၂-၂၀၂၄ ရက် (အင်္ဂါနေ့)ညနေ ၁၇:၅၈နာရီတွင် ဂရန်းဟန်သာ (Grand Hantha International Hospital) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲကြောင်း

## ဦးကျော်သက်

**ညွှန်ကြားရေးမှူး**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကလျာအေး ၏ ခင်ပွန်းဖြစ်သူ ဦးကျော်သက် သည် ၂၀-၂-၂၀၂၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂) ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅၀)၊ မြေကွက်အမှတ်(၁၂၄၄)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်စောယုမေ (WKA-၀၂၈၉၄၀) အမည်ပေါက် အိုးအိမ်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးထွန်းအောင်ကျော် [၁၁/မဥန(နိုင်)၀၁၃၉၈၂]**မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊**
**၄၈ U 10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

---

## ကန့်ကွက်နိုင်ပါသည်

အောက်စာရင်းပါ ကွန်ဒိုတိုက်ခန်းကို ရောင်းသူ ဦးအောင်ကျော် [၁၂/တမန(နိုင်)၀၆၁၄၅၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းကွန်ဒိုတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့် အငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းချသည့်ကွန်ဒိုတိုက်ခန်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ Botahtaung Time Square အိမ်ရာစီမံကိန်း စုပေါင်းပိုင် အဆောက်အုံ အမှတ် C-2၊ အခန်းအမှတ် B-404 ဟု လိပ်စာခေါ်တွင်သော အဆောက်အဦ၏ အဆောက်အုံ အမှတ် C-2 ၊ အခန်းအမှတ် B-404၊ တိုက်ခန်းနှင့်တကွ တိုက်ခန်း၌ တွယ်ကပ်ဆက်စပ်ပတ်သက်သော ပစ္စည်းပစ္စယများ အကျုံးဝင်လျက် အကျိုးခံစားခွင့်အရပ်ရပ်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဟန်(စဉ်-၁၇၅၁)　　ဒေါ်တင်တင်ဌေး(စဉ်-၈၂၉၅)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်- ၁၉၆၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၇၄၉၉၈၄၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၉)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄၈)၊ ကံ့ကော်(၃)လမ်း၊ အမှတ်-၁၄၀၉(က)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိသော နေအိမ်ခြံမြေအား ဒေါ်လှတင်အမည်ပေါက် မြေချ ပါမစ်နှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မိုးမိုးဆွေ [၇/အဖန(နိုင်)၀၈၄၂၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စမ်းစမ်းလှဲ့ [၁၂/ဗဟန(နိုင်)၀၅၈၆၂၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်စမ်းစမ်းလှဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချို့ဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

---

## ဦးလှသိန်း

**Account and Auditor**

**U HLA THEIN GROUP Audit Firm**

**အသက်(၈၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အိမ်အမှတ်(၃၂)(၃လွှာ/၄လွှာ)နေ (ဦးဘိုးချွတ်-ဒေါ်အုန်းခင်)တို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ခင်စိန်) တို့၏ သားသမက်၊ (ဦးလှမောင်)၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်စောကြည်)၊ (ဒေါ်အေးကြည်)၊ (ဦးလှအောင်)-ဒေါ်လှညွန့်၊ (ဦးတင်အောင်)၊ ဒေါ်အေးမြိုင်တို့၏ညီ/ မောင်၊ Dr.မိုးသီတာအေး (ပါမောက္ခ၊ ရောဂါဗေဒ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ Dr. ကျော်မြင့်ထွန်း-ဒေါ်မြသီတာအေး၊ Dr.မောင်မောင်သန်းထိုက်-မသန္တာထိုက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ Alysia Htike (ခ) မအေးချမ်းတော်ဝင်ထိုက်၏ ဘိုးဘိုးကြီး သည် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ၂၀-၂-၂၀၂၄ ရက် နံနက် ၄ နာရီတွင် Grand Hantha International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၂-၂-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၊ ဝန်ထမ်းအိမ်ရာ၊ ဆယ်ထပ်ဆောင် (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆောင်ရှေ့)နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် (ခခ-၃)၊ ဦးပိုင်အမှတ်(၅၀)၊ ၅၇x ၅၈ လမ်းကြား၊ A လမ်းနှင့် B လမ်းကြားရှိ ဒေါ်ယဉ်ယဉ် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးအောင်သန်း၊ (မိခင်) ဒေါ်ယဉ်ယဉ်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၉၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့်သား/သမီးတို့ဖြစ်သော ဒေါ်သီဂီအောင် [၉/မရတ (နိုင်) ၀၀၆၄၂၁]၊ ဦးအောင်မြတ်စံ [၉/မရတ (နိုင်)၀၀၀၆၂၀]တို့က အမှုတွဲအမှတ် ၇၂၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၁)၊ ဦးပိုင်အမှတ်(၃၆)၊ ၆၁x ၆၀-B လမ်းကြား၊ ယောမင်းကြီးလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြမောင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၂၅၃/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ငွေမီ [၉/မရမ(နိုင်) ၀၅၃၆၈၅]၏ (GP ရရှိသူ ဒေါ်မေသိဂီ)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၇၂၂၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ဦးစံလှ

**(RC-1 ကျောင်းသားဟောင်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၁၀၆)၊ ပထမထပ်နေ (ဦးစံထွန်း-ဒေါ်အုန်းလှ)တို့၏သား၊ (ဦးစိုးသိန်း)-ဒေါ်စန်းစန်း(USA)တို့၏မောင်၊ မစ္စတာဝီလီယံမာဆာ-ဒေါ်နွယ်မာဆာ(ခ)နွယ်နီဝင်း (USA)နှင့် တူ/တူမ ရစ်ယောက်တို့၏ ဦးလေး၊ ဒေါ်နုယဉ်(အ.မ.က-၉၊ သာကေတ-ငြိမ်း)၏ ခင်ပွန်းဖြစ်သူသည် ၁၉-၂-၂၀၂၄ (တနင်္လာနေ့) ည ၁၁:၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၁-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစံလှ B.Sc (Phy:)

**အသက်(၆၅)နှစ်**

(RC-1, RUBC, BC) အာစရိယပူဇော်ပွဲနှင့် လူမှုအကျိုးပြုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးစံလှသည် ၁၉-၂-၂၀၂၄ (တနင်္လာနေ့)တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊**
**ပညာဒါနအကျိုးဆောင်ကော်မတီနှင့်**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**(RC-1, RUBC, BC)**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၅)ရပ်ကွက်၊ မိုးဆန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(တ/၄၁)၊ မြေကွက် အမှတ် (၉၅၅/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ရင်ရင်မူ အမည်ပေါက် ပါမစ်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးအစုံပါ (၂)ထပ်အဆောင်တို့၏ အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

အထက်ပါမြေနှင့်အိမ်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်မောင်စန်း [၈/ပဖန(နိုင်)၀၃၅၄၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အိသက်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၄-ရပ်ကွက်၊ သစ္စာလမ်းသွယ်လမ်း၊ တိုက်အမှတ်- ၄/၁၄၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းအခန်း) အကျယ် (၁၂ပေx ၃၂/၄၀ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၆-၁၀-၂၀၁၅)ရက်စွဲပါစာချုပ်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်မဉ္ဇူမော် (ဘ) ဦးဝင်းမော် [၃/ဘအန (နိုင်) ၂၃၇၇၀၈] အမှတ်(၁၈)၊ မန္တလေးလမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်အေးက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၈)**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက် ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**

---

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

**❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

---

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၁၄) ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ဖေဖော်ဝါရီ ၂၀ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံးမှ VUC အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၄) တွင် လက်ရှိချန်ပီယံ VUC အသင်းသည် ၁၄ ပွဲဆက်အနိုင်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဒုတိယနေရာမှ MIU အသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် အပြိုင်ဖြစ်နေသည့် အသင်းများအနက် Generations အသင်း နိုင်ပွဲရခဲ့သော်လည်း Winner Soccer အသင်းမှာမူ ဇယားအောက်ပိုင်းမှ M2K အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သည်။ ပွဲစဉ်(၁၄)တွင် Dream Team အသင်းက လင်းလက်အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ MIU အသင်းက လက်ဝဲသုန္ဒရအသင်းကို ကိုးဂိုး-ဂိုးမရှိ၊ VUC အသင်းက ဖူဆယ်ချစ်သူအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍**



---

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "**၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ**"ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘိလိယက်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(**အခမဲ့**) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

---

**ယနေ့ ဖတ်စရာ**

**ဆီဆိုင်မြို့မှ စစ်ဘေးရှောင်ပြည်သူများ၏ကားတန်းကို တပ်မတော်က လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး လုပ်ငန်းအချိန်ဇယားအရ ရွှေ့ပြေးအစီရင်ခံစာ ထုတ်ပြန်ခြင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာထုတ်ပြန်ဖို့ လျာထားဆောင်ရွက်သွားမည်**

စာမျက်နှာ » ၁၆

**မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် ဒုတိယနေ့ဆက်လက်ကျင်းပ**

စာမျက်နှာ » ၁၈

---

## ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီ နွေရာသီဈေးကွက်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူ

ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဆီပြောင်းရွှေ့ကစားဖို့ သဘောတူညီလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ပြင်သစ်အသင်းခေါင်းဆောင် အမ်ဘတ်ပီဟာ ဇွန်လအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းကနေထွက်ခွာဖို့ ရည်ရွယ်ထားတယ်လို့လည်း လက်ရှိပီအက်စ်ဂျီအသင်းကို ပြောကြားခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ လက်ရှိအချိန်အထိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့

**စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ✪**



ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီ